
mgyoe.com

# နိုင်ငံရေးအခြေပြုကျမ်း

ပီ-မိုးနင်း

တတိယအကြိမ်



mgyoe.com



# နိုင်ငံရေးအခြေပြကျမ်း

စိ-မိုးနှင်း

PMN0036
1,800.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းညီ၊ ပုံနှိပ်သူ - ဒေါ်ဝင်းမာ
အပြင်အဆင် - အမ်အက်စ်အို၊
၂၀၁၂၊ နိုဝင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

နိုင်ငံရေးအခြေပြုကျမ်း
ပီ-မိုးနင်း။ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၄၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) နိုင်ငံရေးအခြေပြုကျမ်း

mgyoe.com

mgyoe.com

# နိုင်ငံရေးအခြေပြုကျမ်း

**(နိုင်ငံရေးဟောနည်း ပြောနည်း နောက်ဆက်တွဲပါဝင်သည်။)**

ဝိမိုးနင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


နိဒါန်း ... က

ပီမိုးနင်း၏ နိုင်ငံရေးအခြေပြုကျမ်း ... ဂ

အခန်း (၁)

နိုင်ငံရေးအကြောင်း ... ၁

ရောမလူမျိုးတို့၏ အယူဝါဒ ... ၇

ကြူတန်လူမျိုးတို့၏ အယူဝါဒ ... ၈

တိုင်းနိုင်ငံတို့၏ ခြားနားခြင်း ... ၉

တိုင်းနိုင်ငံတို့၏ မူလပေါ်ပေါက်ခြင်းအကြောင်း ... ၁၂

အခန်း (၂)

တရားဥပဒေအကြောင်း ... ၁၈

အစိုးရအကြောင်း ... ၂၁

အခန်း (၃)

တိုင်းပြည်၏ အကြီးဆုံးသော အချုပ်အခြာ၏အကြောင်း ... ၂၃

အခန်း (၄)

ပြည်သူတိုင်းနိုင်ငံအမျိုးသားအကြောင်း ... ၂၈

အခန်း (၅)

အခွင့်တရားများနှင့်တာဝန်များအကြောင်း ... ၃၅


mgyoe.com

mgyoe.com

အခန်း (၆)

နိုင်ငံ၏နယ်ပယ်များအကြောင်း

နိုင်ငံအုပ်ချုပ်ခြင်း စည်းကမ်းဥပဒေများ ၃၈

အခန်း (၇)

အုပ်ချုပ်ခြင်း အမျိုးမျိုးအကြောင်း ၄၃

(၁) ဝေဖန်နည်း (၁) ၄၄

(၂) ဝေဖန်နည်း (၂) ၄၄

(၃) ဝေဖန်နည်း (၃) ၄၄

အာရစ္စတိုတယ်၏ ဝေဖန်နည်း ၄၅

ကောင်းသောအုပ်ချုပ်ခြင်း နည်းသုံးမျိုး ၄၅

မကောင်းသောအုပ်ချုပ်ခြင်း နည်းသုံးမျိုး ၄၅

ပရောဖက်ဆာ လီကော့၏ဝေဖန်နည်း ၄၆

ဘုရားသခင်၏ အုပ်ချုပ်စီမံခြင်း ၄၉

ရှင်ဘုရင်တစ်ပါးတည်း အုပ်ချုပ်ခြင်း ၅၀

မင်းဆွေမင်းမျိုးတို့ အုပ်ချုပ်ခြင်း ၅၁

အယ်ရစ်စတိုကရေစီအုပ်ချုပ်ခြင်း၌ ၅၂

အယ်စရစ်စတိုကရေစီအုပ်ချုပ်ခြင်း၏ အကျိုးကျေးဇူးများမှာ ၅၃

အိုလီဂါခီ ငွေကြေးရှိသူတို့၏ အုပ်ချုပ်ခြင်း ၅၃

ဒီမိုကရေစီပြည်သူဆင်းရဲသားတို့၏ အုပ်ချုပ်ခြင်း ၅၆

ဆန္ဒမဲလက်မှတ်ပေးခြင်း ၅၇

ပညာရှိကြီး မိ(လ)၏အယူ ၅၉

ရောပြွမ်းသောအုပ်ချုပ်ခြင်း ၆၁

ပေါင်းစပ်သောတိုင်းနိုင်ငံ ၆၂

မှတ်ရန် ၆၄

ကိုလိုနီတိုင်းနိုင်ငံ ၆၄

အင်ပီရီရယ်လ်ဖေဒရေးရှင်း ၆၄

အင်ပါယာတိုင်းနိုင်ငံ၏ ဖွဲ့စည်းခြင်း ၆၉

mgyoe.com

mgyoe.com


အခန်း (၈)

တိုင်းနိုင်ငံ၏အကျိုး ၆၉

အမျိုးမျိုးသော ယူဆပုံများ ၇၁

ဘထန်းရှလီ၏အယူဝါဒ ၇၂

ကျွန်ုပ်တို့ထင်မြင်ချက် ၇၃

ဝွန်ဟော်ဇင်ဒေါ့၏အယူဝါဒ ၇၃

အခန်း (၉)

အုပ်ချုပ်ခြင်း၏ စီမံဖွဲ့စည်းခြင်း ၇၅

၎င်းသုံးခုသောဌာနတို့ကို ဝေဖန်၍ပြခြင်း ၇၈

အထက်အောက် ပါလီမန်လွှတ်တော်နှစ်ခု
ထားခြင်း၏ အကျိုးကျေးဇူးများ ၈၀

ပါလီမန်လွှတ်တော်နှင့် ပါဝင်သောအမတ်များ ၈၂

ထိုလွှတ်တော်နှစ်ခု၏တန်ခိုးအာဏာအကြောင်း ၈၃

တိုက်ရိုက်ဥပဒေထုတ်ပြန်ခြင်း ၈၃

အင်္ဂလန်ပြည်၊ ပြည်သစ်ပြည်၊ အမေရိကတိုင်း
ဂျာမနီပြည်၌ ဥပဒေဌာနနှင့် အမှုဆောင်ဌာန၏
ဆက်သွယ်ခြင်းအကြောင်း ၈၇

အင်္ဂလန်ပြည် ၈၈

ပြင်သစ်ပြည် ၉၀

အမေရိကန်တိုင်း ၉၁

ဂျာမနီပြည် ၉၂

တရားစီရင်ခြင်းဆိုင်ရာဌာန ၉၂

အခန်း (၁၀)

အစိုးရတို့၏ တာဝန်ကိစ္စအကြောင်း ၉၅

ယခုခေတ်ကာလ အစိုးရမင်းတို့၏ဆောင်ရွက်မှု ၉၈


mgyoe.com

mgyoe.com

အခန်း (၁၁)
ဗြိတိသျှတိုင်း ယခုအုပ်ချုပ်ပုံ
အင်္ဂလိပ်လူမျိုးတို့၏ အုပ်ချုပ်ခြင်းသဘော ၁၀၁
ပါလီမန်လွှတ်တော်အကြောင်း ၁၀၄
ပရိဘီကောင်စီ (Privy Council) ၁၀၇
ဥပဒေပြုဌာန (Legislature) ၁၁၀
အောက်လွှတ်တော်အမတ်များနှင့် ၁၁၁
၎င်းအမတ်များကို ရွေးကောက်ခြင်း ၁၁၂
အောက်လွှတ်တော်နှင့် ဥပဒေထုတ်ပြန်ခြင်း ၁၁၃
ဥပဒေကြမ်းများ ၁၁၄
အောက်ပါလီမန်လွှတ်တော်နှင့်အမျိုးသားဘဏ္ဍာငွေအကြောင်း ၁၁၄
အထက်လွှတ်တော် ၁၁၅
အထက်လွှတ်တော် အောက်လွှတ်တော်တို့ ဆက်ဆံခြင်း ၁၁၆
ဘုရင်မင်းမြတ် ၁၁၈
ကယ်ဘိနက်အမတ်များနှင့် ပါလီမန်လွှတ်တော် ၁၁၉
ကယ်ဘိနက်လွှတ်တော်၏အခြေအနေ ၁၂၀
ကယ်ဘိနက်အမတ်များနှင့် ပါလီမန်လွှတ်တော် ၁၂၀
ကယ်ဘိနက်လွှတ်တော်အမတ်တို့၏ အမှုဆောင်တာဝန်များ ၁၂၂
ကယ်ဘိနက်လွှတ်တော်၌ပါဝင်သော အမတ်များ ၁၂၃
ပါလီမန်လွှတ်တော်၏ အခွင့်တန်ခိုးများ ၁၂၄

အခန်း (၁၂)
ပါတီ ဂါးဘားမင့် (Party Government) ၁၂၅

နောက်ဆက်တွဲ (၁)
နိုင်ငံရေး ဟောနည်း၊ ပြောနည်း ၁၃၀

mgyoe.com

mgyoe.com

# နိဒါန်း

သုံးပါးရတနာ၊ ထိပ်ထားခါဖြင့် များစွာသော ပညာရှိကြီးတို့ ရေးပြုစီရင်ကြကုန်သော ကျမ်းများ၊ ဘီအေ၊ အမ်အေအတန်းများနှင့်ဆိုင်သော ကျောင်းသုံးစာအုပ်များမှ ဤကျမ်းငယ်ကို ပေါင်းစုစီရင်ရခြင်း၌ စီရင်သူ၏ ရည်ရွယ်ချက်သည် အခြားမဟုတ်၊ အရေးကြီးသော နိုင်ငံရေးခေတ်ကြီးအတွင်း အမျိုးသားနှင့် တိုင်းပြည်သာသနာတော် အကျိုးစီးပွားကို ဆောင်ရွက်လိုကြသော ရဟန်းရှင်လူအပေါင်းတို့၏ လက်သို့ နိုင်ငံရေး လက်နက်ကောင်းတစ်ခုကို ပေးအပ်ရန် ဖြစ်လေသည်။

ဤကျမ်းငယ်တွင် သာမန်ဉာဏ်ရှိသူတို့ လွယ်ကူစွာ နားလည်စိမ့်သောငှာ အလွန်ခက်ခဲ နက်နဲသည့်အချက်များကို ရှင်းလင်းလွယ်ကူအောင် အားထုတ်ရာ၌ ဝီရိယကို အနည်းငယ်မျှ လျှော့ပေါ့ခြင်းမပြုခဲ့ချေ။ သဘာဝဓမ္မနှင့်သော်လည်းကောင်း၊ ဗုဒ္ဓအယူအဆနှင့်သော်လည်းကောင်း၊ ဆန့်ကျင်သော ပညာရှိတို့၏ သဘောကောက်ယူချက်များ၌ စီရင်သူ၏ ကိုယ်ပိုင်အယူဝါဒတို့ကို ရံဖန်ရံခါ ဖော်ပြလိုက်ရပေကြောင်း။ သက်သက်သာသာဖတ်ရှုရုံမျှနှင့် ဓာတ်ဝတ္ထုကို နားလည်သည့်အလား မှတ်သား နားလည်နိုင်ကြလိမ့်မည်ဟု ယုံကြည်အားထားခြင်း၌ ယုံကြည်အားထားကျိုးနပ်လိမ့်မည်ဟု မျှော်ကိုးစားခြင်းသည် စီမံသူ၏စိတ်၌ ချမ်းမြေ့ခြင်း၏ ကြီးစွာသော အကြောင်းရင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

ဤကျမ်း၏ . ဒုတိယပိုင်းနောက်ဆက်တွဲ၌ ဗြိတိသျှလက်အောက်ခံတိုင်းနိုင်ငံများနှင့် ကိုလိုနီများ၏အကြောင်းကို လိုရင်းရှိသမျှ ကုန်စင်အောင်ဖော်ပြလိုက်သည့်ပြင် တတိယပိုင်းနောက်တွဲမှာ "နိုင်ငံရေးဟောနည်း၊ ပြောနည်းနှင့်ဆိုင်ရာ" အရေးအကြီးဆုံးသောအချက်များ ပါရှိပါသည်။ ထိုအချက်ကို သေချာစွာ ဖတ်ရှုသူတို့၏ စိတ်၌ ဟောပြောလိုသော ဆန္ဒရှိချေက "ငါသည် အဘယ်အတွက် တရားဟောပုဂ္ဂိုလ်မဖြစ်နိုင်ဘဲ ရှိရမည်နည်း" ဟူသော အားတက်ခြင်းစိတ်သည် ရှင်လန်းစွာ ပေါ်ပေါက်လာပါလိမ့်မည်။

ဤကျမ်းငယ်ကို လက်ဝယ်ဆောင်ထား၊ သင်ကြား ဖတ်ရှုခြင်း၏ အကျိုးကျေးဇူးသည် သာသနာတော်ထွန်းကားခြင်းနှင့် အမျိုးသား လွတ်မြောက်ခြင်း၌ ထင်ရှားခြင်း ဖြစ်ပါစေသတည်း။ ဤကျမ်းကို စီရင်ရခြင်း၏ ကုသိုလ်အကျိုးဆက်သည် နောင်ဘဝအဆက်ဆက်၌ ထက်မြက်စူးရှသော ပညာရှိပုဂ္ဂိုလ်ဖြစ်ခြင်း၌ ထင်ရှားခြင်းဖြစ်ပါစေသတည်း။

ပီမိုးနင်း

၁၂၈၄ ခု၊ တန်ခူးလဆုတ် (၅) ရက်
၁၉၂၃ ခု၊ ဧပြီလ (၅) ရက်
ရန်ကုန်မြို့၊ ဖရေဇာလမ်း
ကျူးမန်းတိုက်။

■

mgyoe.com

mgyoe.com

## ပီမိုးနင်း၏ နိုင်ငံရေးအခြေပြုကျမ်း

၁၉၅၄ ခုနှစ်က စာရေးသူသည် ရန်ကုန်တက္ကသိုလ်၌ ဂုဏ်ထူးတန်းတက်နေစဉ် တစ်နေ့တွင် အင်းဝဆောင်ရှေ့ စကြံအောက်၌ ဗယာကြော်ရောင်းနေသော ကုလားထံ ဗယာကြော် ဝယ်စားပါသည်။ ကုလားက ထုပ်ပေးရန် စက္ကူလွှတ်ကုန်သွားသဖြင့် စာအုပ်ဟောင်းမှ ဆုတ်ရန် စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ရာ ကတ်ထူဖုံး အစိမ်းရောင်နှင့် အတော်ဟောင်းနေသော "နိုင်ငံရေးအခြေပြုကျမ်း"ကို တွေ့လိုက်ပါသည်။ မဆုတ်ရန် အချိန်မီတားလိုက်ပြီး ယူကြည့်ရာ ၁၉၂၃ ခုနှစ်က ပီမိုးနင်းရေးသော စာအုပ်ဖြစ်ကြောင်း တွေ့ရ၏။ ငါးမူးပေး၍ စာအုပ်ကို ဝယ်လိုက်ပါသည်။ ဗယာကြော်ထုပ်ရန် စာရေးသူကိုင်လာသော ဗလာစာအုပ်မှ ဆုတ်သုံးလိုက်ပါသည်။ ငါးမူးရ၍ ဝမ်းသာသော ကုလားသည် နောင်စာအုပ်ဟောင်းပါလာတိုင်း စာရေးသူအား ပြသော်လည်း အကြိုက်မတွေ့တော့ပါ။

ယင်းစာအုပ်ကို တစေ့တစောင်းကြည့်ပြီး စာအုပ်သေတ္တာတွင် ထည့်ထားလိုက်ပါသည်။ လက်ဝယ်ရောက်လာသည်မှာ (၁၈) နှစ်ပင်ရှိပြီ။ တစ်ခါက လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ဆရာတက်တိုး၏ဆောင်းပါး တစ်ပုဒ်က ဖွဲ့စည်းအုပ်ချုပ်မှုပညာကို ရှုံးဆော်ထားသည်ကို ဖတ်လိုက်ရတော့မှ နိုင်ငံရေးအခြေပြုကျမ်းကို သတိရမိပါသည်။ စာအုပ်သေတ္တာများ၌ ရှာဖွေခဲ့ရာ ယခုမှပြန်တွေ့ပါသည်။ ၁၉၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရေးပြီး

mgyoe.com

mgyoe.com

သော ၎င်းစာအုပ် ဗန္ဓုလစာပုံနှိပ်တိုက် ၃၀၊ မောင်ဂိုမာရီလမ်း ရန်ကုန်မြို့က ပုံနှိပ်သည်။ ဝံသာနု ဦးဖျိုး ၁၈၊ မောင်သိမ်း ပိဋကတ်တော် အစုံနှင့် သက်န်း ပရိက္ခရာ ရောင်းသောဆိုင်၊ နံပါတ် (၉၆) ရွှေတိဂုံဘုရား ကြီးဈေး ရန်ကုန်မြို့ က ရောင်းချသည်ဟု စာအုပ်တွင် ဖော်ပြထား၏။ စာအုပ်သက်တမ်းသည် (၇၉) နှစ်ပင်ရှိပြီး ဆွေးမြည့်စပြုလာပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ နီးပါး ခန့်ကလည်း မြန်မာတို့နိုင်ငံရေးနှင့် ဖွဲ့စည်းအုပ်ချုပ်မှု ပညာကို နားလည်စေ ရန် စေတနာနှင့်ရေးခဲ့သော ဆရာကြီးပီမိုးနင်းအား ကျေးဇူးပြုသောအနေနှင့် လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်မှုအကြောင်းကို လူထုတစ်ရပ်လုံးက အာရုံပြု လေ့လာနေသော အချိန်လည်းဖြစ်သောကြောင့်လည်းကောင်း စာအုပ်ပါ အကြောင်းအရာများကို ကောက်နုတ်တင်ပြလိုပါသည်။

ပီမိုးနင်းက သူ့စေတနာကို နိဒါန်းတွင် ဖော်ပြထားပုံမှာ –

"ပညာရှိကြီးတို့ ရေးပြုစီရင်ကြကုန်သောကျမ်းများ။ ဘီအေ၊ အမ်အေ အတန်းများနှင့်ဆိုင်သော ကျောင်းသုံးစာအုပ်များမှ ဤကျမ်းငယ်ကို ပေါင်းစု စီရင်ရခြင်း၌ စီရင်သူ၏ ရည်ရွယ်ချက်သည် အခြားမဟုတ်၊ အရေးကြီးသော နိုင်ငံရေးခေတ်ကြီးတွင် အမျိုးသားနှင့်တိုင်းပြည် သာသနာတော်အကျိုးစီးပွားကို ဆောင်ရွက်လိုကြသော ရဟန်းရှင်လူ အပေါင်းတို့၏လက်သို့ နိုင်ငံရေး လက်နက်ကောင်းတစ်ခုကို အပ်ရန် ဖြစ်လေသည်"ဟု ဖြစ်၏။

အလျား ၈ လက်မခွဲ၊ အနံ ၅ လက်မ တစ်စိတ် အရွယ်ရှိ စာအုပ်တွင် စာမျက်နှာပေါင်း ၁၆၀၊ အခန်းပေါင်း ၁၂ ခန်းနှင့် နောက်ဆက်တွဲနှစ်တွဲပါ သည်။ ပထမအခန်းတွင် နိုင်ငံရေးအကြောင်း ရှင်းပြပြီး ရောမကြျူတန်တို့ ၏ နိုင်ငံရေးအယူဝါဒများ၊ တိုင်းနိုင်ငံတို့၏ မူလပေါ်ပေါက်လာခြင်း အကြောင်းများကို အလွယ်ဆုံး ဖော်ပြထားသည်။

အောက်ပါ ကောက်နုတ်ချက်ကို ကြည့်ပါ။

"နိုင်ငံရေးပညာဆိုသည်မှာ လူသတ္တဝါတို့ စုဝေးနေထိုင်သော တိုင်းပြည်၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်သော အကြောင်းအရာများ နှင့် အုပ်ချုပ်ပုံ နည်းလမ်းစနစ်တို့ကို ညွှန်ပြသောပညာ ဖြစ်လေသည်"

"၎င်းပညာသည် ရာဇဝင်နှင့် ပူးတွဲလျက်ရှိ၏။ နိုင်ငံကြီးပွားရေး

mgyoe.com

mgyoe.com



စည်းကမ်းနည်းလမ်းပညာဟု ခေါ်ဆိုအပ်သော Political economy(ပိုလီတီကယ်အက်ကိုနော်မီ) ခေါ် အတတ်ပညာနှင့် ပေါင်းလျက်ရှိ၏။ Sociology(ဆိုရှိအိုလိုဂျီ)ခေါ် လူသတ္တဝါတို့ ပေါင်းသင်းဆက်ဆံနေထိုင် အသက်မွေးခြင်းဆိုင်ရာပညာနှင့် ဆက်သွယ်လျက် ရှိ၏။ statistics(စတေးတစ်(စ်)တံစ်) ခေါ် တိုင်းပြည်၏ အဖြစ်အပျက် အခြေအနေတို့ကို သင်္ချာဖြင့် အမှတ်အသားပြုသော ပညာနှင့်မကင်းသော ဆက်သွယ်ခြင်းရှိ၏"

မျိုးချစ်စိတ် အဓိပ္ပာယ်ဖွင့်ဆိုပုံမှာ –

"အမျိုးသားအားလုံးတို့၏ စည်းလုံးသော စိတ်ဆန္ဒသည် တိုင်းပြည်ဟု ခေါ်ဆိုအပ်သော သတ္တဝါ အကောင်အထည်ကြီး၏ အသက်ဖြစ်၏။ ထိုအသက်သည် အခါခပ်သိမ်း ထင်ရှားခြင်းသို့မရောက်သော်လည်း တိုင်းပြည်၏ ဘေးအန္တရာယ်ကြုံတွေ့သည့်အခါ ထိုအသက်သည် ထင်ရှားစွာ လှုပ်ရှားပေါ်ပေါက်လာတတ်သည်" ဟု ဆိုထားသည်။

တိုင်းနိုင်ငံတို့၏ မူလပေါ်ပေါက်ခြင်းအကြောင်းကို ဖော်ပြရာတွင် ဟော့ဘစ် (Hobbes)၊ လော့ခ် (Loeke) နှင့် ရူးစူး (Rouaseau) ပညာရှိကြီးတို့၏ အယူအဆများကို ချုပ်ဖော်ပြပြီး နိုင်ငံရေးသိပ္ပံ ပါမောက္ခ ဘားဂက်စ် (Professor Burgges) နှင့် လီကော့ (Leacock)တို့၏ သုံးသပ်ချက်များကိုပါ ထည့်သွင်းတင်ပြထား၏။

အခန်း (၂) တွင် တရားဥပဒေအကြောင်းကို ရေးရာတွင် –

"ဥပဒေတို့သည် စုဝေးနေထိုင်သော လူသတ္တဝါတို့ လိုက်နာရန် အမိန့်အာဏာတစ်မျိုးဖြစ်လေရာ ထိုအမိန့်အာဏာတို့ကို လိုက်နာရမည်ဟူ၍ အကြီးဆုံးသော နိုင်ငံအစိုးရမင်းတို့က အကျပ်အတည်း အခိုင်အမာပြုရလေသည်"

ဟူ၍ ဥပဒေထိရောက်ရေးအတွက် အစိုးရအာဏာ အရေးကြီးပုံကို ညွှန်ပြထား၏။ အစိုးရအကြောင်းကို လူပြိန်းနားလည်အောင် ရေးထားပုံမှာ–

"တိုင်းနိုင်ငံဟူသောအကြောင်းကို (ဆင်ခြင်စဉ်းစားရာ၌ အစိုးရသည် အရေးအကြီးဆုံးဖြစ်ကြောင်းကို စိတ်ထဲ၌ ထင်မြင်သိရှိရလေသည်။ တိုင်း

mgyoe.com

mgyoe.com

နိုင်ငံဟူသမျှတို့၌ အုပ်ချုပ်သောသူများနှင့် အုပ်ချုပ်ခြင်းခံရသောသူများ ရှိရလေသည်။ အုပ်ချုပ်သူ အစိုးရမရှိသည်နှင့် တစ်ပြိုင်တည်း တိုင်းနိုင်ငံ၏ အဖြစ်သည် ရပ်စဲလျက် သောင်းကျန်းသော မင်းမဲ့အဖြစ်သည် ပေါ်ပေါက်၍ လာလေသည်"။

"အစိုးရဆိုသည်မှာ အုပ်ချုပ်ခြင်းခံရသော သူတို့အား အမိန့်အာဏာ ပေးသော ဌာနဟူ၍ သိရှိရလေသည်။ ၎င်းအစိုးရမင်းတို့သည် တိုင်းနိုင်ငံ၏ အကြီးဆုံးသော တန်ခိုးအာဏာတို့ကို ဆောင်ရွက်အသုံးပြုသော စက်ကိရိယာ လက်နက်မျိုးနှင့် တူလေသည်" (စာမျက်နှာ ၄၅)

ဟူ၍ အစိုးရဆိုသည်မှာ အုပ်ချုပ်ရေးတွင် အရေးကြီးကြောင်း၊ အစိုးရ မရှိလျှင် နိုင်ငံမရပ်တည်နိုင်ကြောင်း ဆိုထားသည်။

"ဆိုဘရင်းတီး (Sovereignty) ခေါ် တိုင်းပြည်၌ အကြီးဆုံးသော အချုပ်အခြာ အာဏာအကြောင်းကို ဥပဒေဘက်မှလည်းကောင်း၊ နိုင်ငံရေး သိပ္ပံဘက်မှလည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်မှုဘက်မှလည်းကောင်း၊ သမိုင်း ကြောင်းဘက်မှလည်းကောင်း ရှင်းပြ၏။ ပြည်သူလူထုသည် အချုပ်အခြာ အာဏာပိုင်ရှင်များဖြစ်သည်ဟု ဆိုသည်။ သို့သော် နိုင်ငံ၏အချုပ်အခြာ အာဏာဆိုသည်မှာ –

"တရားဥပဒေနှင့်ပတ်သက်သော အဓိပ္ပာယ်လည်းမဟုတ်၊ နိုင်ငံရေး နှင့်ပတ်သက်သော အဓိပ္ပာယ်လည်း မဟုတ်၊ ကျွတ်ကျွတ်လွတ်လွတ် အကြီး ဆုံးသော တန်ခိုးသတ္တိ၏ တည်ရာဌာနကို ဆိုလိုသည်။ စတိတ် (state) ခေါ် တိုင်းနိုင်ငံပင် ဖြစ်လေသတည်း။ ၎င်းတိုင်းနိုင်ငံ၏ အဆုံးမရှိ ကြီးမား သော တန်ခိုးအာဏာ၏အောက်၌ ပြည်သူအပေါင်းတို့သည် နေထိုင်ကြရ၏"

ဟူ၍ သီးခြားရှင်းပြထားပြန်သည်။ နောက်ဆုံးတွင် အချုပ်အခြာ အာဏာကို ခွဲဝေ၍ မရ၊ စည်းကမ်းသတ်၍မရ၊ လွှဲပြောင်း၍မရ" ဟူသော ပညာရှင် ဘိုဒင် (Bodin)၏ အဆိုကို တင်ပြထားသည်။

နိုင်ငံရှိ တိုင်းရင်းသားများအကြောင်းနှင့် ပတ်သက်၍လည်း ပီမိုးနင်း က သမိုင်းနောက်ခံနှင့်ဖော်ပြပြီး နိုင်ငံများစွာမှ ပုံစံများ ဆွဲယူရှင်းပြ၏။ တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် ခေတ်နှင့်မလျော်သော ထုံးစံများကို ပြုပြင်သင့်ကြောင်း သတိပေးထားပုံမှာ –

mgyoe.com

mgyoe.com



"အလေ့အကျင့် ထုံးစံတို့ မည်သည် အမျိုးသား၏ အခွင့်တရားဖြစ်သည်ဟု ဆိုသော်လည်း မှားယွင်းဖောက်ပြားဆိုးရွားသော အလေ့အကျင့်ရှိချေက ထိုအလေ့အကျင့်ကို ပျောက်အောင် အစိုးရမင်းတို့က ပြုရလေသည်။ ဥပမာ (အိန္ဒိယတိုင်း၌ လင်သေလျှင် မယားလိုက်သေရသော အကျင့်မျိုးကဲ့သို့တည်း"

အခွင့်တရားနှင့်တာဝန်သည် နိုင်ငံသားတိုင်း နားလည်ပြီး လိုက်နာကျင့်သုံးရမည် ဖြစ်ကြောင်းကို ပီမိုးနင်းက တင်ပြထားပုံမှာ –

"အများအကျိုးကျေးဇူးအလို့ငှာ လူတို့အား အချို့သောအရာများကို အသုံးပြုရန် ပိုင်ဆိုင်ခွင့်ပေး၍ ထားရလေသည်။ ထိုကဲ့သို့ ပေး၍ထားရသောအရာကို အခွင့်တရားဟု ခေါ်ရလေသည်။ အခွင့်တရားရှိက ထိုကဲ့သို့ ရရှိအပ်သော အခွင့်တရားတို့အတွက် တာဝန်ဝတ္တရားများလည်း ရှိရလေသည်။ အခွင့်တရားကိုသာ အလိုရှိကြလျက် တာဝန်ဝတ္တရားကို မခံယူလိုပါက အကျိုးရှိသော ပြည်သူမဖြစ်နိုင်ချေ" ဟူ၍ ဖြစ်၏။

နိုင်ငံဖွဲ့စည်းအုပ်ချုပ်ခြင်း စည်းကမ်းဥပဒေဟူသော ဝေါဟာရကို အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

"တိုင်းနိုင်ငံအုပ်ချုပ်ခြင်း၌ (Constitution) ကွန်စတီကျူးရှင်းခေါ် အုပ်ချုပ်စီမံခြင်း၏ နည်းလမ်းရှိလေသည်။ ၎င်းနည်းလမ်းနှင့်ဆိုင်သော (Constitutional law) ကွန်စတီကျူးရှင်းနယ်လောခေါ် အုပ်ချုပ်စီမံခြင်းနည်းလမ်းဥပဒေလည်း ရှိရလေသည်။ ၎င်းဥပဒေ၌ ဥပဒေပြုဌာန၊ တရားစီရင်ရခြင်းဌာန၊ အုပ်ချုပ်စီမံခြင်းဌာန ၎င်းဌာနများ၏ ခြားနားခြင်းအကြောင်းကို ဖော်ပြထားသည့်ပြင် ၎င်းအသီးသီးသောဌာနတို့၌ စီမံဆောင်ရွက်ရန် နည်းလမ်းများအကြောင်းကို သေချာစွာ ဖော်ပြထားသည်။

ထို့နောက် ဖွဲ့စည်းအုပ်ချုပ်ပုံများတွင် ပြင်ဆင်ရန် လွယ်သောအမျိုးအစား၊ ခက်ခဲသော အမျိုးအစား (Hnitary Government) ယူနစ်ထရီအုပ်ချုပ်နည်း (Feoeral Government) ဖယ်ဒရယ်အုပ်ချုပ်နည်း၊ တစ်ဦးတည်း အုပ်ချုပ်ပုံ၊ လူတစ်စုက အုပ်ချုပ်ပုံ၊ လူများစုအုပ်ချုပ်ပုံတို့ကို ရှေးခေတ်မျက်မှောက်ခေတ်မှ နမူနာများနှင့် ရှင်းပြထားသည်။ ဒီမိုကရေစီ အုပ်ချုပ်ရေး

mgyoe.com

mgyoe.com

ကို ဆွေးနွေးရာ၌ ပြည်သူ့ကိုယ်စားလှယ် အမတ်များအပေါ် ပြည်သူက ထာဝရကွပ်ကဲထားနိုင်ရန်(၁)*(Recall)* ရီကောလ်ခေါ် ကိုယ်စားလှယ်အမတ်အား ရာထူးမှ ပြန်ခေါ်နိုင်သော ဥပဒေ၊ (၂) (Referendum) ရီးမားရင်းဒမ်ဒခေါ် ဥပဒေကြမ်းတစ်ခုခုကို ပြည်သူထံတင်ပြပြီး သဘောတူမှ ဥပဒေအဖြစ်ပြုသောနည်း၊ (၃)*(initiation)* အင်နီရှီအေးတင်းခေါ် ဥပဒေပြုအဖွဲ့က မည်သို့ဆောင်ရွက်သင့်ကြောင်း၊ မည်သည့်ဥပဒေမျိုး ပြုသင့်ကြောင်းကို ပြည်သူက စတင်စီမံဆုံးဖြတ်ပေးသောနည်းနှင့် (၄) (Plebiscite) ပလီဘီဆိုက်ခေါ် အရေးတစ်စုံတစ်ရာ ပေါ်လာပါက ပြည်သူတို့၏ ဆန္ဒမဲလက်မှတ်နှင့် ဆုံးဖြတ်စေသော နည်းများရှိရသည်ဟု ရေးထားပါသည်။

ဆန္ဒမဲပေးခြင်းအကြောင်းကို ဖော်ပြရာတွင် လူတိုင်း၌ မဲလက်မှတ်ပေးခွင့်မရှိကြ။ သို့သော် 'ပြည်သူဆိုသည်မှာ တိုင်းပြည်အုပ်ချုပ်ခြင်းအရေး၌ ပါဝင်နိုင်ခွင့်ရှိသူတို့ကို ခေါ်ဆိုသော စကားဖြစ်သည်'ဟု ပီမိုးနင်းက ယူဆသည်။ ၎င်းပြင် ဆန္ဒမဲပေးခွင့် ရရေးအတွက် ချမှတ်သော ကန့်သတ်ချက်များ အရည်အချင်းများ အမျိုးသမီး မဲပေးခွင့်၊ လူမည်းတို့ မဲပေးခွင့်ရရေး ပြဿနာများကိုလည်း တင်ပြထားသည်။

အခန်း (၇) တွင် တိုင်းနိုင်ငံ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်အမျိုးမျိုးကို တင်ပြထားလေသည်။ ပြည်သူ့အကျိုးကို ရည်ရွယ်သင့်သလော၊ တိုင်းနိုင်ငံ၏အကျိုးစီးပွားကို ရည်ရွယ်သင့်သလောဟူသော ပြဿနာကို ဆွေးနွေးပြီး ...။

"တိုင်းပြည်နှင့်ပြည်သူသည် ကွဲပြားခြင်းမရှိ၊ တစ်လုံးတည်းစပ်လျက်ရှိလေရာ ပြည်သူတို့ဆောင်ရွက်ပြုလုပ်သမျှသည် တိုင်းကျိုးပြည်ကျိုးနှင့် မကင်းနိုင်အောင် ဆက်သွယ်ခြင်းရှိလေသည်" ဟု ကောက်ချက်ချပါသည်။

အုပ်ချုပ်ခြင်း၏ စီမံဖွဲ့စည်းခြင်းအကြောင်းကို အခန်း (၈)တွင် အသေးစိတ်ဖော်ပြထားသည်။ နိုင်ငံ၏ အာဏာသုံးရပ်ဖြစ်သော (၁) ဥပဒေပြုအာဏာ၊ (၂) ဆောင်ရွက်ခြင်းအာဏာ၊ (၃) တရားစီရင်ရေးအာဏာတို့ကို သီးခြားခွဲထားပြီး ဌာနသုံးရပ်ဖွဲ့ကာ အသီးသီး ကျင့်သုံးစေရမည်။ အချင်းချင်း ဆက်သွယ်ရိုင်းပင်းမှု ပြုရမည်ဖြစ်သော်လည်း ဩဇာလွှမ်းမိုးခြင်း၊ စွက်ဖက်ခြင်းမပြုစေရ၊ သို့မှသာ တရားမျှတသော အုပ်ချုပ်ရေးကို ရမည်ဟု

mgyoe.com

mgyoe.com



ပိမိုးနင်းက နိုင်ငံအဖျားမှ နမူနာများနှင့် ရှင်းထားသည်။

အခန်း (၉) တွင် အစိုးရတို့၏တာဝန် ကိစ္စအကြောင်းနှင့် အခန်း(၁၀) တွင် ဗြိတိသျှတိုင်း၏ အုပ်ချုပ်နည်းများကို အကျယ်ရှင်းပြထားရာ ခက်ခဲသော ဥပဒေ ဝေါဟာရများနှင့် အဓိပ္ပာယ်များကို အလွယ်ဆုံး မြန်မာစကားနှင့် ရေးသားသဖြင့် စာတတ်သူတိုင်း နားလည်လွယ်သည်။

အခန်း (၁၁) တွင် ပါတီအစိုးရအကြောင်းကို ဆွေးနွေးရာတွင် မှတ်သားဖွယ်ကောင်းသော စာပိုဒ်မှာ ...

"တိုင်းပြည်၌ လူလေးမျိုးလေးစားရှိလေသည်။

၎င်းတို့မှာ ...

(၁) ရှေးဟောင်းနည်းလမ်းကို ပြန်၍လိုလားသောလူစု

(၂) ယခုလက်ရှိဖြစ်နေသော နည်းလမ်းတို့ကိုသာ အစွဲအမြဲ သဘောကျသောလူစု

(၃) ယခုလက်ရှိ နည်းလမ်းတို့ကို ပြုပြင်ပြောင်းလဲလိုသောလူစု

(၄) ယခုလက်ရှိ နည်းလမ်းများအစား နည်းလမ်းအသစ်တို့ကို လိုလား သော လူစုတို့ဖြစ်သည်" ဟူ၍ ဖြစ်လေသည်။

နိုင်ငံရေးပါတီစင်စစ်နှင့် အုပ်စုဘက်တော်သားများ မတူခြင်းကို ရှင်းပြပြီး သူ့ခေတ်က နိုင်ငံရေးပါတီ အခြေအနေကို ဝေဖန်ထားပုံမှာ ...

"ကျွန်ုပ်တို့ မြန်မာပြည်၌ ဝံသာနုပါတီခေါ် ဝံသာနုဘက်သား၊ ဗဟုဘက်သားဟူ၍ ဘက်တော်သားအမတ်များ ရှိကြသော်လည်း အကျိုးမရှိချေ။ အဘယ့်ကြောင့်ဆိုသော် အမတ်များမှာ ဘက်တော်သားရှိသော်လည်း တာဝန်ခံအမှုဆောင်များမှာ ဘက်တော်သားမရှိ၊ အစိုးရက မိမိသဘောကျရာ လူကိုခန့်ထားလေရာ အများအားဖြင့် ထိုကဲ့သို့ခန့်ထားခြင်းခံရသော အမတ်များမှာ ဗြူရိုကရက်ဘက်တော်သားမျှသာ ဖြစ်ကြရလေသည်။"

နောက်ဆက်တွဲ (၁) တွင် သီဟိုဠ်၊ ကနေဒါ၊ နယူးဖောင်လင်ကျွန်း၊ ဩစတြေးလျပြည်၊ နယူးဇီလန်ပြည်၊ အာဖရိကတိုက်၊ ဗြိတိသျှအရှေ့ အိန္ဒိယတိုင်း စသော ကိုလိုနီများအကြောင်း ဖော်ပြထားသည်။

နောက်ဆက်တွဲ (၂) တွင် နိုင်ငံရေဟောနည်း၊ ပြောနည်းကို ရေးထား၏။ စကားပြောကောင်းခြင်း၏ အခြေအမြစ်သည် အသိဉာဏ်ပညာဖြစ်

mgyoe.com

mgyoe.com

ကြောင်း ဟောပြောသောအခါ ခေတ်အခြေအနေ၊ ပရိသတ် စိတ်နေသဘောထား၊ ဟောပြောရာဌာန၊ နားထောင်သူဦးရေနှင့် သက်တမ်းစသည်တို့ကို သတိပြုချိန်ဆ၍ ဟောသင့်ကြောင်း အကြံပေးထားပါသည်။

ခြုံကြည့်လျှင် စာမျက်နှာ ၁၆ဝ မျှရှိသော စာအုပ်တွင် နိုင်ငံရေးနှင့် ဖွံ့စည်းအုပ်ချုပ်မှုပညာ ၂ ရပ်ကို သာမန်လူတိုင်း ဖတ်ရှုနားလည်နိုင်အောင် ရေးထားသည်ကို တွေ့ရသည်။ စာအုပ်သမိုင်း ရှုထောင့်မှကြည့်လျှင် ယင်းကျမ်းမှာ ပီမိုးနင်း၏ ဂန္ထဝင်မြောက် စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဆိုရပေမည်။ ၄၉ နှစ်ကျော်က ရေးခဲ့သော စာအုပ်ဖြစ်လင့်ကစား မျက်မှောက်ခေတ်တွင် အသုံးဝင်သော စာအုပ်တစ်အုပ်လည်း ဖြစ်ပါသည်။

ဒေါက်တာ ခင်မောင်ညွန့်

■

mgyoe.com

mgyoe.com

# အခန်း (၁)

## နိုင်ငံရေးအကြောင်း

နိုင်ငံရေးဆိုသည်မှာ လူသတ္တဝါတို့ စုဝေးနေထိုင်သော တိုင်းပြည်၏ အခြေခံ အုတ်မြစ်သဖွယ်ဖြစ်သော အကြောင်းအရာများနှင့် အုပ်ချုပ်ပုံ နည်းလမ်းစနစ်တို့ကို ညွှန်ပြသောပညာ ဖြစ်လေသည်။

၎င်းပညာသည် ရာဇဝင်နှင့် ပူးတွဲလျက်ရှိ၏။ နိုင်ငံကြီးပွားရေး စည်းကမ်း၊ နည်းလမ်း ပညာဟု ခေါ်ဆိုအပ်သော Political Economy (ပိုလစ်တီကယ် အက်ကိုးနော်မိ)ခေါ် အတတ်ပညာနှင့်ပေါင်းလျက်ရှိ၏။ ဆိုရှိအိုလိုဂျီ (Sociology) ခေါ် လူသတ္တဝါတို့ ပေါင်းသင်း ဆက်ဆံနေထိုင် အသက်မွေးခြင်းဆိုင်ရာပညာနှင့် ဆက်သွယ်လျက်ရှိ၏။ (စတေးတစ်(စ) တစ် (Statistics ခေါ် တိုင်းပြည် အဖြစ်အပျက် အခြေအနေတို့ကို သင်္ချာဖြင့် အမှတ်အသားပြုသော ပညာနှင့်မကင်းသော ဆက်သွယ်ခြင်းရှိ၏။

လူတို့သည် စုဝေးနေထိုင် အသက်မွေးကြရသော သတ္တဝါမျိုးဖြစ်လေသည်။ ရှေးဦးပထမ အိမ်ထောင်အစုအဝေးဖြစ်သော သားချင်း၊ ပေါက်ဖော်၊ ညာတိဆွေမျိုးတို့ စုဝေး၍ နေကြ၏။ ထိုနောက် ၎င်းတို့မှ ပြန့်ပွားဆင်းသက်ကြသော များစွာသော အိမ်ထောင်စုတို့သည် ဖွဲ့စည်းပူးပေါင်းကာ နေကြ၏။ ထိုနောက် တစ်စတစ်စ တိုးပွား၍လာကြလျက် "နမနှင့် မောင် ပြည်တည်ထောင်သည်" ဟူသော စကားကဲ့သို့ တိုင်းပြည်၏အဖြစ်သို့ရောက်ကြရလေသည်။

mgyoe.com

mgyoe.com

သို့ဖြစ်၍ စည်းကမ်းနည်းလမ်းကျနစွာ တစ်ဦး၏အကျိုးကို တစ်ဦး ဆောင်ရွက်လျက်နေထိုင်အသက်မွေးကြကုန်သောလူသတ္တဝါတို့၏ကြီးကျယ်သော အစုအဝေးကို တိုင်းနိုင်ငံဟု ခေါ်ရပေမည်။ တစ်ဦးနှင့်တစ်ဦး မျှတသော အိမ်ထောင်စုတို့ ဖွဲ့စည်းနေထိုင်ကြသည်ကို တိုင်းနိုင်ငံဟူ၍ မဆိုနိုင်ချေ။

တိုင်းနိုင်ငံတို့မည်သည် သတ်မှတ်သောနယ်ပယ်ရှိရာ၏။ အကြင်လူသတ္တဝါတို့၏ အစုအဝေးသည် သတ်မှတ်သော နေရာနယ်ပယ်၌ အတည်တကျမနေမူ၍ တစ်ရပ်မှတစ်ရပ် အမြဲရွှေ့ပြောင်းကာ အသက်မွေးကြချေက ထိုလူသတ္တဝါတို့၏ အစုအဝေးကို တိုင်းနိုင်ငံဟူ၍ မခေါ်နိုင်ချေ။ အာရေဗျတိုင်း၌ (ဘဒ္ဒင်) လူမျိုးတို့သည် ထိုကဲ့သို့ အမြဲသွားလာနေထိုင်ကြကုန်သော လူမျိုးဖြစ်ကြ၏။

အကြင် လူသတ္တဝါတို့၏ အစုအဝေး၌ စည်းလုံးညီညွတ်ခြင်းသည် မရှိချေက ထိုအစုအဝေးကိုလည်း တိုင်းနိုင်ငံဟူ၍ မဆိုနိုင်ချေ။ စည်းလုံးညီညွတ်ခြင်းဆိုသည်မှာလည်း ဥက္ကဋ္ဌအမှူးတစ်ယောက်၏ အောက်၌ စုဝေးစည်းလုံး၍ နေထိုင်ခြင်း သက်သက်ကိုဆိုလိုသည်မဟုတ်၊ ထိုကဲ့သို့ နေထိုင်သော သူတို့သည် အချင်းချင်းအားကိုးပြုကြလျက် တစ်ဦး၏အကျိုးကို တစ်ဦး သယ်ပိုးဆောင်ရွက် ဆက်သွယ်ခြင်းရှိမှသာလျှင် အဟုတ်အမှန် စည်းလုံးခြင်းဟု ဆိုရပေမည်။ အချို့သော တိုင်းပြည်ထောင် အစုအဝေးတို့၌ အမျိုးဘာသာ အတွေးတူကြခြင်းကြောင့် ပေါင်းဖွဲ့စည်းလုံးနေထိုင်ကြ၏။ အချို့မှာမူ အမျိုးဘာသာ အသွေးမတူဘဲလျက် စုပေါင်းစည်းလုံးနေထိုင်နိုင်ကြကုန်၏။

တိုင်းနိုင်ငံဟူသမျှတို့၌ အုပ်ချုပ်သူအစိုးရတို့နှင့် အုပ်ချုပ်ခြင်းကို ခံရသော ပြည်သူဟူ၍ နှစ်မျိုးနှစ်စား ရှိရလေသည်။ အုပ်ချုပ်သူမရှိချေက တိုင်းပြည်၏အဖြစ်သို့ မရောက်နိုင်ချေ။ ကျွန်ုပ်တို့ မြန်မာစကား၌ မင်းမဲ့တိုင်းပြည်ဟူသော စကားရှိ၏၊ ထိုစကား၏အဓိပ္ပာယ်မှာ မင်းမရှိသော တိုင်းပြည်ကိုဆိုလိုသည်။ စင်စစ်မှာသော်ကား မင်းမရှိကတိုင်းပြည်၏အဖြစ်သို့ မရောက်နိုင်တော့သည် ဖြစ်သောကြောင့် မင်းမဲ့တိုင်းပြည်ဟူသော စကားသည် လုံးလုံးကြီးမှားသော စကားဖြစ်သည် ဟူ၍သာလျှင် မှတ်ယူရန် ရှိပေလိမ့်မည်။

mgyoe.com

mgyoe.com

အဆိုပါ အသီးသီးသော အကြောင်းအရာတို့ကို ဆင်ခြင်လိုက်သော အခါ လူထုအင်အား မြောက်မြားစွာ စုဝေးနေထိုင်ခြင်းမျှဖြင့် တိုင်းပြည်မဖြစ်၊ ထိုကဲ့သို့ စုဝေးနေထိုင်ခြင်းတည်းဟူသော ကြီးကျယ်သောအဖွဲ့အစည်း၌ အသက်ဓာတ်နှင့်တကွ အသိဉာဏ်သဘောတရားရှိမှသာလျှင် တိုင်းပြည်၏ အဖြစ်သို့ ရောက်နိုင်ပေမည်။ (ဤအရာ၌ တိုင်းပြည်ကြီးတစ်ခုလုံးသည် အသက်နှင့် အသိဉာဏ်ရှိသော သတ္တဝါကြီးတစ်ခုကဲ့သို့ ဖြစ်စေရမည်ဟူလို)

ခြေအင်္ဂါ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၏ ပေါင်းစပ်ခြင်းဖြင့် လူပုဂ္ဂိုလ် သတ္တဝါဖြစ်ရသည့်အလား၊ များစွာသော လူသတ္တဝါတို့နှင့် များစွာသော အခြေအနေတို့၏ ပေါင်းရုံးခြင်းဖြင့် တိုင်းပြည်ဟုခေါ်ဆိုအပ်သော ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်ကြီး တစ်မျိုးဖြစ်ပေါ်၍ လာရပေ၏။ လူသတ္တဝါ တို့၌ တစ်စုံတစ်ခုသော အင်္ဂါခြေလက်တို့၏ အစိတ်အပိုင်းတို့တွင် ထိခိုက် နာကျင်ခြင်းဖြစ်ချေက ထိုအင်္ဂါ ခြေလက်တို့၏ စုဝေးရာဖြစ်သော လူ၌ပင် လျှင် နာကျင်ခြင်းဖြစ်ရ၏။ ထို့အတူ တိုင်းပြည်ဟူသမျှတို့မှာလည်း တစ်စုံ တစ်ခုသော ဌာန၌သော်လည်းကောင်း၊ ထိပါးနာကျင်ခြင်းဖြစ်ချေက တိုင်းပြည်တည်းဟူသော အကောင်ကြီးတစ်ကောင်လုံးမှာ သိသိသာသာ ထိပါးနာကျင်ခြင်းဖြစ်ရာ၏။ ထိုကဲ့သို့သော ဆက်သွယ်၊ စည်းလုံးခြင်းမျိုး မရှိချေက တိုင်းပြည်မဟုတ်သေးဟူ၍သာလျှင် မှတ်ယူရန်ရှိပေ၏။

အမျိုးသားအားလုံးတို့၏ စည်းလုံးသော စိတ်ဆန္ဒသည် တိုင်းပြည်ဟု ခေါ်ဆိုအပ်သော သတ္တဝါသည် အကောင်အထည်ကြီး၏ အသက်ဖြစ်၏။ ထိုအသက်သည် အခါခပ်သိမ်း ထင်ရှားခြင်းသို့ မရောက်သော်လည်း တိုင်းပြည်၏ဘေးအန္တရာယ် ကြုံတွေ့သည့်အခါ ထိုအသက်သည် ထင်ရှားစွာ လှုပ်ရှားပေါ်ပေါက်၍ လာတတ်လေသည်။

တိုင်းနိုင်ငံတို့မှာ လူသတ္တဝါ၊ တိရစ္ဆာန်၊ သစ်ပင် စသည်များကဲ့သို့ တိုးတက်ကြီးပွားနိုင်သော အစွမ်းသတ္တိရှိကြောင်းကို သိရ၏။ သို့ သိရငြား သော်လည်း လူသတ္တဝါ၊ တိရစ္ဆာန် တိုးခြင်း ဆုတ်ခြင်းအရာ၌ စည်းကမ်း နည်းလမ်းမှန်စွာမရှိ၊ လူသတ္တဝါတို့၏ အရည်အချင်းနှင့်လျော်စွာ များစွာ သော အခြေအနေတို့နှင့် ပြောင်းလဲခြင်းတို့၏ အစွမ်းကိုအမှီပြု၍လျက် တိုးတက်ကြီးပွား၊ ဆုတ်ယုတ်ပျက်စီးခြင်းများလည်း ဖြစ်ရလေသည်။ ကမ္ဘာ

mgyoe.com

www.mgyoe.com

၏ အတိတ်ရာဇဝင်၌ တိုင်းကြီးပြည်ကြီးတို့၏ တိုးတက်ကြီးပွားခြင်း၊ ဆုတ်ယုတ်ပျက်စီးခြင်းတည်းဟူသော အစဉ်အလာကို ထောက်ရှုဆင်ခြင် ခြင်းဖြင့် ယခု ခေတ်ကာလ တိုင်းပြည်တို့မှာလည်း ထိုနည်းအတိုင်း ကြီးပွား တိုးတက်ပြီးနောက် ထိုနည်းအတိုင်း ဆုတ်ယုတ်ပျက်စီးရမည်ဟူ၍ တောင်သူ လေ့နံ့ဓားထစ် မှတ်ယူအစွဲပြုကြချေက မှားယွင်းကြမည် ဧကန်မလွဲ ဖြစ်ပေ သည်။

ကျွန်ုပ်တို့ မြန်မာရာဇဝင်၌ "အလောင်းမင်းတရားကြီး"ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်ခြင်းဖြင့် ကြိုတင်တွေးတောခြင်းငှာ မစွမ်းနိုင်သော ကြီးစွာသော ပြောင်းလဲခြင်းနှင့် ကြုံတွေ့ခဲ့ရ၏။ ပြင်သစ်ပြည်၌ "နပိုလီယံ ဘိုနာပတ်" ကဲ့သို့သော အံ့ဖွယ်သရဲ ဖြစ်ပေသည့် ပုဂ္ဂိုလ်တစ်ဦးပေါ်ပေါက် ခြင်းဖြင့် ပြင်သစ်ပြည် ရာဇဝင်ရေကြောသည် လမ်းစစ်ကိုမသွား၊ကွေ့ကောက် ပြောင်းလဲသွားရလေ၏။ သို့ဖြစ်ခြင်းကြောင့် တိုင်းပြည်တို့၏ ပြောင်းလဲခြင်း အရာ၌ လမ်းရိုးလမ်းစဉ် ဓမ္မတာဟူ၍ အမြဲအတည်မရှိ၊ မတွေးတောမကြံ စည်နိုင်သော ပြောင်းလဲခြင်းတို့သည် အခါများစွာဖြစ်ပေါ်၍ လာတတ်လေ သည်။

လူပုဂ္ဂိုလ်တို့မှာ လူ့ပြည်၌နေသည့်အတွင်း လူသတ္တဝါအချင်းချင်းတို့ ထံမှ မိမိတို့ စံစားရရှိထိုက်သော အခွင့်တရားလည်းရှိ၏။ လူသတ္တဝါအချင်း ချင်းတို့အပေါ်၌ မိမိတို့က ဆောင်ရွက်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို လည်း ရှိရလေ၏။ တိုင်းနိုင်ငံတို့မှာလည်း ထိုနည်းတူ မိမိတို့ကဆောင်ရွက် ရန်ဖြစ်သော ဝတ္တရား၊ မိမိတို့က ခံစားရရှိထိုက်သော အခွင့်တရားများ ရှိကြ လေသည်။ သို့ဖြစ်ခြင်းကြောင့် တိုင်းနိုင်ငံတို့ကို လူသတ္တဝါ ပုဂ္ဂိုလ်နှင့် တူသည်ဟူ၍ ခေါ်ဆိုရပေသည်။ ထိုကဲ့သို့ အခွင့်တရားရှိခြင်း၊ တာဝန် ဝတ္တရားရှိခြင်းသည် အခြားတိုင်းနိုင်ငံတို့နှင့် ဆက်ဆံရာ၌ ကောင်းစွာ ထင်ရှားလေသည်။

အထက်ဖော်ပြခဲ့သော အချက်တို့ကို ဆင်ခြင်ခြင်းအားဖြင့် တိုင်းနိုင်ငံ ဆိုသည်မှာ အဘယ်သို့သော အရာနည်းဟူ၍ သိလောက်ပေပြီ၊ အကြောင်း မူကား တိုင်းနိုင်ငံဆိုသည်မှာ အခြားမဟုတ်၊ အကြင်လူသတ္တဝါတို့၏ အစုအဝေးသည် သတ်မှတ်သော နယ်ပယ်တစ်ခုတွင် နေထိုင်လျက် ရှင်း

mgyoe.com

mgyoe.com


လူအစုအဝေးတွင် အများဆုံးသော လူတို့၏ ဆန္ဒအတိုင်း စီမံအုပ်ချုပ်နေထိုင်ကြချေက ထိုလူသတ္တဝါတို့၏ အစုအဝေးကို တိုင်းနိုင်ငံဟူ၍ ခေါ်ရလေသည်။

ကမ္ဘာပေါ်၌ တိုင်းနိုင်ငံတို့သည် အများပင် ရှိကြလေ၏။ သို့အများရှိခြင်းအစား ကမ္ဘာတစ်ဝန်းလုံး၌ တိုင်းနိုင်ငံတစ်ခုတည်းသာလျှင် ဖြစ်ဖို့ရန် ကြံစည်နိုင်ပါမည်လောဟု စဉ်းစားရန်ရှိပေ၏။ ထိုကဲ့သို့သော ကြံစည်ခြင်းသည် စင်စစ်အားဖြင့် မဖြစ်နိုင်သောအရာ မဟုတ်ချေ။ သို့သော်လည်း ကမ္ဘာပေါ်၌ရှိကြကုန်သော လူမျိုးအားလုံး၏ အခြေအနေသည် တိုးတက်ယဉ်ကျေးခြင်းအဖြစ်သို့ တညီတညွတ်တည်း မရောက်မရှိသေးသမျှ ကာလပတ်လုံး ထိုအကြံသည် ဖြစ်မြောက်နိုင်ရန်မရှိဟူ၍ သိရှိအပ်ပေသည်။ အကယ်စင်စစ်ဖြစ်မြောက်နိုင်သော အခြေသို့ရောက်ချေက ကမ္ဘာပေါ်၌ ရှင်ဘုရင်ဟူ၍ ရှိတော့မည်မဟုတ်ချေ။ အကြောင်းကိုဆိုသော် တစ်ဦးတည်းသော ရှင်ဘုရင်အောက်၌ တစ်ကမ္ဘာလုံး ကျရောက်၍နေချေက ထိုရှင်ဘုရင်သည် တန်ခိုးအာဏာ လွန်စွာကြီးလျက် ကမ္ဘာကို နှိမ်နင်းသော ဘုရင်ဖြစ်ဖို့ ရှိလေသည်။ ထိုကဲ့သို့ နှိမ်နင်းသောဘုရင်တို့၏ အောက်၌နေထိုင်ရခြင်းသည် ကြီးပွားတိုးတက်ခြင်းအလုပ်၌ အနှောင့်အယှက်များစွာ ဖြစ်ဖို့ရာ ရှိလေ၏။ သို့ဖြစ်သောကြောင့် တစ်ကမ္ဘာလုံးမှာ တိုင်းနိုင်ငံတစ်ခုတည်းအဖြစ်သို့ ရောက်နိုင်သော ခေတ်သမယကြီး ဆိုက်ရောက်၍လာသောအခါ သမ္မတတိုင်းနိုင်ငံကြီးသော် လည်းကောင်း ဖြစ်ဖို့ရှိ၏။ သို့တည်းမဟုတ် အသီးသီး ထိုက်သင့်အားလျော်စွာ လွတ်လပ်ခြင်းကို ရကြကုန်သော တိုင်းပြည်အပေါင်းတို့၏ အဖွဲ့အစည်း အင်ပါယာ တိုင်းနိုင်ငံကြီးသော်လည်းကောင်း ဖြစ်ဖို့ရှိလေသည်။

Alexander the Great "အယ်လ်လက်ဇန်းဒါးသည် ဂရိတ်"ဟုခေါ်သော ဂရိတ်လူမျိုးတို့၏ ရှင်ဘုရင်သည်လည်းကောင်း၊ ရောမတိုင်းနိုင်ငံကြီးသည်လည်းကောင်း၊ ရောမ ပုပ်ရဟန်းမင်းကြီး၏ တိုင်းနိုင်ငံသည်လည်းကောင်း၊ နပိုလီယံဘိုနာဘတ်သည်လည်းကောင်း အသီးသီး အဆင့်ဆင့် ကမ္ဘာတစ်ဝန်းလုံးကို အုပ်ချုပ်ခါ တစ်ခုတည်းသော ကမ္ဘာ့တိုင်းနိုင်ငံကြီးကို တည်ထောင်ရန် ကြိုးစားခဲ့ကြသော်လည်း အောင်မြင်ခြင်းသို့မရောက်နိုင်ဘဲ

mgyoe.com

mgyoe.com

အသီးသီး ဆုတ်ယုတ်ပျက်ပြားခြင်းသို့သာ ရောက်ခဲ့ကြပေ၏။

ဥရောပတိုင်း၌ နိုင်ငံရေးပညာသည် ဂရိတ်ပြည်၌ အစပြုလေသည်။ ဂရိတ်လူမျိုးတို့၏ အယူအလေ့၌ (State) ဟု ခေါ်သော တိုင်းနိုင်ငံသည် လူတစ်မျိုးလုံး၏ အဖွဲ့အစည်းကို ဆိုလိုသည်မဟုတ်၊ တိုင်းပြည်၌ရှိသော အသီးသီးသော မြို့များကို (States) စတိတ်(စ)တိုင်းဟု ခေါ်ကြလေသတည်း။ Aristotle (အရစ္စတိုတယ်) ခေါ် ဂရိတ်ပညာရှိကြီးသည်လည်း မိမိစီရင်သော နိုင်ငံရေးကျမ်း၌ ထိုကဲ့သို့သောတိုင်းကလေးများ၏ အကြောင်းကို အထိကရ ရေးသားလေသည်။ ၎င်းမြို့ပြတိုင်းနိုင်ငံများ၌ မြို့သူမြို့သားအားလုံးတို့သည် အရေးရှိသည့်အခါ တစ်ခုခုသောနေရာ၌ အကုန်အစင် စုဝေးနိုင်ကြသဖြင့် အကြောင်းကိစ္စတစ်စုံတစ်ရာနှင့် ပတ်သက်၍ ဟောပြောသူ တစ်စုံတစ်ယောက်ပေါ်ပေါက်ချေက မြို့သူမြို့သားတစ်ယောက်မကျန် လာရောက် နားထောင်နိုင်ကြလေသည်။ အုပ်ချုပ်ခြင်းဆိုရာ၌လည်း မြို့သူမြို့သား အကုန်အစင် ပါဝင်နိုင်ကြသောကြောင့် ထိုကဲ့သို့သော တိုင်းပြည်များသည် တိုင်းကြီးပြည်ကြီးများမဟုတ်၊ မြို့ပြတိုင်းငယ်များ ဖြစ်သည်ဟု သိသာလေသည်။ ၎င်းတိုင်းငယ်များ၌ မြို့သူမြို့သားတို့သည် တိုင်းပြည်၏ သေးငယ်သော အင်္ဂါအစိတ်အပိုင်းများတို့ ဖြစ်ကြလေရာ တိုင်းပြည်၏အရေးသည် တိုင်းပြည်ကိုဖြစ်စေသော လူသတ္တဝါတို့၏ အရေးထက် ပိုမိုကြီးကျယ်၍ နေလေသတည်း။ ၎င်း ဂရိတ်လူမျိုးတို့၏ မြို့ပြတိုင်းငယ်များ၌ ရှိသမျှသော လူတို့အနက် အကုန်အစင် တိုင်းသားပြည်သူ၏ နာမည်မရကြချေ။ ထိုကဲ့သို့ မရသော သူတို့သည် မြို့ပြတိုင်းပြည် အုပ်ချုပ်ခြင်း အရေး၌ပါဝင်ခွင့်မရကြချေ။ ၎င်းတို့သည်ကား ကျေးကျွန်များကြလေသည်။ ၎င်းဂရိတ်တိုင်းနိုင်ငံတို့၌ လောကီတရားဥပဒေ၊ လောကုတ္တရာ ကျင့်ဝတ်ဟူ၍ ခြားနားခြင်းမရှိ။ နိုင်ငံ၏ စည်းကမ်းဥပဒေသာလျှင် ရှိလေရာ ထိုစည်းကမ်းဥပဒေတို့သည် အစစအရာရာ၌ ပါဝင်ကြလေသည်။ ဤသည်ကား ဂရိတ်လူမျိုးတို့၏ တိုင်းနိုင်ငံအဖွဲ့အစည်းသဘောပေတည်း။)

တိုင်းနိုင်ငံနှင့် ပတ်သက်၍ ရောမလူမျိုးတို့၏ အယူမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

mgyoe.com

## ရောမလူမျိုးတို့၏ အယူဝါဒ

ရောမလူမျိုးတို့သည် နိုင်ငံရေးဥပဒေအရာ၌ အခြားလူမျိုးများထက် ပိုမိုညဏ်ကြီးသောလူမျိုးများ ဖြစ်ကြလေသည်။ ၎င်းတို့သည် ဂရိတ်လူမျိုးတို့၏ နိုင်ငံရေးနည်းစနစ်နှင့် ဂရိတ်လူမျိုးတို့၏ ဥပဒေများကို အမှီပြုကြရသော်လည်း ဥပဒေစည်းကမ်း နည်းလမ်းစနစ်တို့၏ ပင်ကိုသဘောမှာ မိမိတို့ ကိုယ်ပိုင်ဖြစ်ကြလေသည်။ ၎င်းရောမတိုင်းနိုင်ငံသည် လွန်စွာ ကျယ်ဝန်းသောကြောင့် ၎င်းတို့၏ဥပဒေများသည် များစွာ ပျံ့နှံ့ခဲ့လေရာ ထိုဥပဒေများသည် အနောက်တိုင်း၌ ယခုထက်တိုင် ကျန်ရှိကြလေသည်။ Cicero (စစ်စရို) ခေါ်သော စာရေးဆရာကြီးသည် ဥပဒေအရာ၌ အလွန် တရာကြီးကျယ်သော ပညာရှိကြီးတစ်ယောက်ဖြစ်လေသည်။၎င်းရောမလူမျိုးတို့သည်လောကုတ္တရာ ကျင့်ဝတ်တရားများနှင့် ကွဲပြားခြားနားသော လောကီနိုင်ငံရေး ဥပဒေများကို တီထွင်သူများ ဖြစ်ကြလေသည်။

ရောမလူမျိုးတို့သည် ဥပဒေအဖွဲ့အစည်းဖြင့် တိုင်းနိုင်ငံကို တည်ထောင်ကြလေသည်။ ၎င်းတို့သည် ဂရိတ်လူမျိုးများကဲ့သို့ ပြည်သူ၏အရေးကို မလေးစားဘဲ တိုင်းနိုင်ငံ၏အရေးကိုသာ အလေးဂရုပြုခဲ့ကြသည်မဟုတ်၊ ပြည်သူတို့အား လွတ်လပ်ခြင်းကို ကောင်းစွာပေးလျက် ခပ်သိမ်းသောအရာတို့ကို တိုင်းနိုင်ငံ၏ အကျိုးစီးပွားအတွက်ဟူ၍ သဘောထားကြလေသည်။ စင်စစ်မှာသော်ကား တိုင်းနိုင်ငံအကျိုး၏ အကျိုးစီးပွားသည် တိုင်းနေပြည်သူတို့၏ အကျိုးစီးပွားပင် ဖြစ်လေသတည်း။

တိုင်းနိုင်ငံဆိုသည်မှာ ပြည်သူတို့၏ အဖွဲ့အစည်းဖြစ်သောကြောင့် ပြည်သူတို့၏ဆန္ဒသည် ဥပဒေပင်ဖြစ်ရမည်ဟု ရောမလူမျိုးတို့ အယူရှိကြလေသည်။ သို့ဖြစ်သောကြောင့် ရောမတိုင်းနိုင်ငံသည် အနောက်တိုင်းနိုင်ငံတို့၏ နမူနာဖြစ်လေသည်။ ၎င်းတိုင်းနိုင်ငံသည် ပြည်သူ၏အခွင့်တရားဥပဒေကို လက်မွန်မဆွ တည်ထောင်ပြီးနောက် နိုင်ငံခြား ဥပဒေကို ချဲ့ထွင်ထပ်မံ ဖန်တီးတည်ထောင်ခဲ့လေသတည်း။

mgyoe.com

mgyoe.com

## ကြူတန်လူမျိုးတို့၏ အယူဝါဒ

"ကြူတန်ခေါ် ဂျာမန်လူမျိုးတို့သည် ရောမလူမျိုးတို့၏ ကြီးပွားတိုးတက်ခြင်းကို ရှေးဦးပထမ ဟန့်တားခြင်းပြုကြပြီးနောက် နောက်ဆုံး၌ ၎င်းဂျာမန်လူမျိုးတို့သည် ရောမလူမျိုးတို့ကို နှိမ်နင်းအောင်မြင်ကြလေရာ ရောမလူမျိုးတို့၏ ကြီးပွားတိုးတက် ယဉ်ကျေးခြင်းနည်းလမ်း၏နေရာ၌ ဂျာမန်လူမျိုးတို့၏ နည်းလမ်းသည် ထွန်းပေါက်၍လာလေ၏။ ၎င်း "ကြူတန်" ခေါ် ဂျာမန်လူမျိုးတို့သည် နိုင်ငံရေးပညာ၌ ရောမလူမျိုးတို့လောက် ဉာဏ်ပညာမကြီးကြချေ။ သို့သော်လည်း ၎င်းလူမျိုးတို့၏ စိတ်၌ လွတ်လပ်ခြင်းသဘောသည် လွန်စွာအားကြီးသဖြင့် နိုင်ငံရေးအရာ၌ ၎င်းတို့၏ထပ်မံဖြည့်စွက်ခြင်းသည် ပါလီမန်လွှတ်တော် နည်းလမ်းတစ်ခု ဖြစ်လေသည်။

"ပါလီမန်လွှတ်တော်၏ မျိုးစေ့သည် ဂျာမန်ပြည်၏ တောနက်ကြီးများ၌ တည်ရှိခဲ့လေသည်"ဟု (Montesquigu) "မွန်တယ်စကယူ" ခေါ်ဆိုသူက ပြောလေသည်။

ကြူတန်လူမျိုးများကဲ့သို့ ဥပဒေကို လုပ်နိုင်သော အစွမ်းသတ္တိမရှိကြချေ။ ၎င်းတို့သည် လူတို့၏လွတ်လပ်ခြင်းသဘောအတိုင်း ဥပဒေကိုလုပ်ကြသဖြင့် ဥပဒေပြု မင်းတိုင်ပင်အဖွဲ့အစည်းဖြင့် တည်ထောင်သော ဥပဒေနည်းပါးကြလေသည်။ သို့ဖြစ်သောကြောင့် ရှင်ဘုရင်များနှင့် ရုံးထိုင်ပုဂ္ဂိုလ်များ အားကြီးသော တန်ခိုးအာဏာများကို ပေးကြလေသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးရာခန့်အခါသို့ ရောက်ရှိသောအခါ လက်မှုပညာသည်တို့သည် တိုးတက်ပြောင်းလဲခြင်းအခြေသို့ ရောက်ကြလေ၏။ နိုင်ငံရေးအကြောင်းအရာများကို စုံစမ်းဆွေးနွေးရေးသားသူများ ပေါ်ပေါက်ကြ၏။ ၎င်းနိုင်ငံရေး စာရေးဆရာများအထဲတွင် (Machivelli) "မယ်ချီဗယ်လီ" ခေါ်သူသည် အထင်အရှားဆုံးဖြစ်၏။ ၎င်း၏ စာများ၌ တိုင်းနိုင်ငံ၏သဘော အယူအဆတွင် ယခုတိုးတက်သော ခေတ်ကာလသဘောမျိုးကို စတင်ဖော်ပြခဲ့လေသည်။ ၎င်း၏ အယူသဘောအရ "တိုင်းနိုင်ငံသည် လူတို့လူ၏စိတ်သဘောမှ ဖြစ်ပေါ်၍လာသော အမြတ်ဆုံးသောအရာတစ်ခုဖြစ်လေသည်။ တိုင်းနိုင်ငံ၏ အကျိုးစီးပွားကိုလည်း အများနှင့်ဆိုင်သော ဥပဒေ

mgyoe.com

ဖြင့်သာ ဆောင်ရွက်နိုင်သည်"ဟု ၎င်းသဘောရှိသည် သဘောပိုက်၍နေလေသည်။ နိုင်ငံရေးပညာကို လောကုတ္တရာပညာတို့နှင့် သီးခြား၍ ပေးခြင်း၌ ထိုပညာရှိသည် ပထမဖြစ်လေသည်။

(ရှေးရှေးသော တိုင်းနိုင်ငံတို့နှင့် ယခုခေတ်ကာလ တိုင်းနိုင်ငံတို့ ခြားနားခြင်းများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။)

## တိုင်းနိုင်ငံတို့ ခြားနားခြင်း

(၁) ရှေးရှေးသော ခေတ်သမယ တိုင်းနိုင်ငံတို့မှာ အသီးသီးသော လူပုဂ္ဂိုလ်တို့ အခွင့်တရားတို့ကို အသိအမှတ်မပြုကြချေ။ တိုင်းသူပြည်သားထက်ဝက်တို့မှာလည်း အခွင့်တရားမရှိသော ကျေးကျွန်များဖြစ်ကြလေသည်။ ယခုခေတ် ကာလတိုင်းနိုင်ငံမှာ အသီးသီးသော လူတို့၏ အခွင့်တရားများကို အသိအမှတ်ပြုရသည့်အပြင် ကျေးကျွန်များကိုလည်း တိုင်းပြည်တွင် မရှိစေရအောင် စီမံကြလေသည်။ လူသတ္တဝါတို့သည် အခွင့်တရားများရှိသော သတ္တဝါများဖြစ်ကြ၏။ အလုပ်လုပ်သောသူတို့သည် လွတ်လပ်သောလူများ ဖြစ်ကြလျက် ၎င်းတို့၏ အလုပ်များသည်လည်း အဖိုးထိုက်တန်လေသည်။

(၂) ရှေးရှေးသော တိုင်းနိုင်ငံတို့၌ အသက်မွေးခြင်းနှင့် ပတ်သက်သော အရေးကိစ္စအားလုံးတို့ကို ကြီးကြပ်စီမံကြ၏။ ယခုခေတ်သမယ တိုင်းနိုင်ငံတို့မှာမူကား အုပ်ချုပ်စီမံခြင်း၌ဒါနသည် ဥပဒေနှင့် နိုင်ငံရေးကိစ္စများ၌သာ ပါဝင်စီမံကြလေသည်။ ဘာသာရေးနှင့် ပတ်သက်သမျှကို သာသနာဘက်သို့ လွှဲအပ်၍ထားလေသည်။

(၃) ရှေးရှေးသော တိုင်းနိုင်ငံတို့၌ လူတို့မှာ ပြည်သူ၏အဖြစ်နှင့် အခွင့်တရား ရှိကြလေသည်။ ယခုခေတ်ကာလ တိုင်းနိုင်ငံတို့မှာမူ လူသတ္တဝါတို့မှာ လူပုဂ္ဂိုလ်အဖြစ်နှင့် အခွင့်တရားရှိကြလေသည်။

(၄) ရှေးရှေးသော တိုင်းနိုင်ငံတို့၌ တန်ခိုးအာဏာရှိသောသူတို့သည် မိမိတို့အာဏာကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်အသုံးပြုကြလေသည်။ ယခုခေတ် ကာလမှာမူ ပြည်သူတို့၏ ရွေးကောက်ခြင်းကိုခံရသော

mgyoe.com

mgyoe.com

ကိုယ်စားလှယ် အစုတို့၏ လက်တွင် ထိုအခွင့်အာဏာများကို ထားကြရလေသည်။

(၅) ရှေးရှေးသော တိုင်းနိုင်ငံတို့၌ အုပ်ချုပ်စီမံခြင်းဆိုင်ရာ အစုအဝေးတစ်ခုသည် အမျိုးမျိုးသော တာဝန်ကိုဆောင်ကြလျက် ၎င်းတစ်ခုတည်းသော အစုအဝေးသည် ဥပဒေပြုလုပ်ခြင်းကို လည်းကောင်း၊ အသီးသီးသောဌာန အုပ်ချုပ်စီမံရေးကို လည်းကောင်း၊ တရားစီရင်ဆုံးဖြတ်ခြင်းအရေးကို လည်းကောင်း ဆောင်ရွက်ကြရလေသည်။ ယခုခေတ်ကာလ တိုင်းနိုင်ငံတို့မှာမူ ၎င်းအသီးသီးသော ဌာနတို့အတွက် သီးခြား စီမံဆောင်ရွက်ရသော အစုအဝေးများ ရှိကြရလေသည်။

(၆) ရှေးရှေးသော တိုင်းနိုင်ငံတို့၌ တိုင်းနိုင်ငံ အချင်းချင်း ဆက်သွယ်ခြင်းမရှိ၊ အသီးအခြား သတ်မှတ်တည်ရှိကြလေသည်။ ယခုခေတ်ကာလ တိုင်းနိုင်ငံတို့မှာမူ နိုင်ငံခြားဥပဒေဖြင့် တိုင်းနိုင်ငံ တစ်ခုနှင့်တစ်ခု ဆက်ဆံ၍ နေကြလေသည်။

(၇) ရှေးရှေးသော တိုင်းနိုင်ငံမှာ မြို့ပြတိုင်းငယ်များဖြစ်ကြလေရာ ယခုခေတ်ကာလ တိုင်းငယ်များမှာ အမျိုးသားတစ်စုလုံးနှင့် သက်ဆိုင်သော တိုင်းနိုင်ငံကြီးများ ဖြစ်ကြလေသည်။

ရှေးရှေးသော ခေတ်သမယနှင့် ယခုခေတ်ကာလ၏ စပ်ကြားတွင် အလယ်ခေတ်ဟုခေါ်ဆိုအပ်သောMediaevol (မယ်ဒီဗယ်) ခေါ် ခေတ်သမယသည် ရှိသေး၏။ ၎င်းခေတ်ကာလ တိုင်းနိုင်ငံတို့နှင့် ယခုခေတ်သမယ တိုင်းနိုင်ငံတို့ ခြားနားခြင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) အလယ်ခေတ်၌ တိုင်းနိုင်ငံတို့တွင် အုပ်ချုပ်စီမံရန် တန်ခိုးအာဏာကို ဘုရားထံမှ ရရှိကြသည်ဟု ဆိုကြ၏။ ယခုခေတ်ကာလ တိုင်းနိုင်ငံတို့မှာမူ လူတို့၏သဘော သဘာဝတ္တကို အမှီပြု၍ အုပ်ချုပ်စီမံကြရလေသည်။

(၂) အလယ်ခေတ်မှာ အုပ်ချုပ်စီမံခြင်းသည် လောကုတ္တရာ ဥပဒေများနှင့် ဆက်သွယ်၍နေ၏။ ယခုခေတ်ကာလမှာမူ ဓမ္မတာ သဘောတရားနှင့်

mgyoe.com

ရာဇဝင်ကို အမှီပြုကြလေသည်။

(၃) အလယ်ခေတ်သမယ၌ ပြည်သူတို့မှာ ဘာသာအယူဝါဒ တစ်မျိုးတည်း ရှိကြရလေသည်။ ယခုခေတ်မှာမူ ဘာသာအယူဝါဒသည် တိုင်းသား ပြည်သူ၏အဖြစ်နှင့် တစ်စုံတစ်ရာ မသက်ဆိုင်ချေ။

(၄) အလယ်ခေတ်သမယ၌ သာသနာရေးသည် တိုင်းနိုင်ငံရေးထက် ကြီးကျယ်မြင့်မြတ်လေသည်။ ယခုခေတ်ကာလမှာမူ တိုင်းနိုင်ငံရေးသည် ဘာသာရေးနှင့် တစ်စုံတစ်ရာ မသက်ဆိုင်သည် သာမက သာသနာရေးအပေါ်၌ လွှမ်းမိုးနေလေပြီ။

(၅) အလယ်ခေတ်သမယ၌ တိုင်းပြည်တွင် ပညာရေးကို သာသနာဘက်က ဆောင်ရွက်ရ၏။ ယခု ခေတ်မှာမူ ပညာရေးကို တိုင်းနိုင်ငံက အကုန်အစင် ဆောင်ရွက်ရသည်။

(၆) အလယ်ခေတ်၌ ဘုရားပြီးလျှင် ရှင်ဘုရင်၊ ရှင်ဘုရင်ပြီးလျှင် မင်းညီမင်းသား၊မင်းညီမင်းသားပြီးလျှင် Knights(နိုက်စ်) ခေါ်သူရဲကောင်းများ ဟူ၍ တစ်ဦးထက်တစ်ဦး ဆင့်ကဲ ဆင့်ကဲ အမွန်အမြတ်ပြုကြရလေသည်။ယခုခေတ်ကာလမှာမူ ထိုကဲ့သို့မဟုတ်၊ပြည်သူအမျိုးသားတို့၏သဘောအတိုင်း အုပ်ချုပ်စီမံသောကြောင့် ထိုကဲ့သို့ ဆင့်ကဲ ဆင့်ကဲ ကြီးကျယ်ထူးမြတ်ခြင်း သဘောမျိုးသည်တိုင်းပြည်၌ မရှိကြချေ။

(၇) အလယ်ခေတ်သမယတွင် အုပ်ချုပ်ခြင်းအရာဝယ် တိုင်းပြည်၏ ကိုယ်စားလှယ်ရွေးချယ်ခြင်း၌ စည်းစိမ်ဥစ္စာ အခြေအနေအားလျော်စွာ ရွေးကောက်ကြရလေသည်။ ယခုခေတ်မှာမူ မည်သည့် အဆင့်အတန်း၊ မည်သည့် အခြေအနေ၌ နေရသူဖြစ်စေကာမူ ရွေးကောက်ခြင်းကို ခံထိုက်လေသည်။

(၈) အလယ်ခေတ်၌ Lords(လဒ်) ခေါ် အမတ်ကြီးများ တန်ခိုးကြီးလွန်းသဖြင့် အုပ်ချုပ်စီမံရေးဌာနမှာ အားနည်းလေသည်။ ယခုခေတ်ကာလမှာမူ ၎င်းအမတ်ကြီးများမှာ မိမိတို့ထင်သလို ပြုလုပ်နိုင်ရန် လွတ်လပ်သော အခွင့်အာဏာမရှိကြသဖြင့် အုပ်ချုပ်ခြင်းဌာနမှ တန်ခိုးအာဏာကြီးမားလေသည်။

mgyoe.com

mgyoe.com

(၉) အလယ်ခေတ်၌ အစဉ်အလာ အလေ့အကျင့်ကို အစွဲပြု၍ ဥပဒေပြု လုပ်ကြရလေသည်။ ယခုခေတ်သမာယမှာမူ သင့်မသင့် လျော်မလျော် ဟူ၍ စဉ်းစားခြင်ကာ ဥပဒေပြု မင်းတိုင်ပင်အဖွဲ့အစည်းဖြင့် ဥပဒေကို တည်ထောင်ကြရလေသည်။

## တိုင်းနိုင်ငံတို့၏ မူလပေါ်ပေါက်လာခြင်းအကြောင်း

ရှေးရှေးသော အခါသမယယတို့၌ အချို့သော လူမျိုးတို့သည် မိမိတို့၏ တိုင်းနိုင်ငံကို ဘုရားသခင် စီမံအုပ်ချုပ်သည်ဟု အယူရှိကြလေသည်။ ရဟူဒီလူမျိုးတို့ တိုင်းပြည် ကနဦးအစ၌ ၎င်းလူမျိုးတို့သည် မိမိတို့၏ တိုင်းပြည်ကို ဘုရားသခင်ကိုယ်တော်တိုင် အုပ်ချုပ်စီမံနေသည်ဟု သဘောရကြသဖြင့် ပထမရှင်ဘုရင်တစ်ပါးကို တင်မြှောက်ကြသောအခါ ကန့်ထွက်သူ အတော်ပင် များကြလေသည်။ ထိုအခါသမယ၌ ၎င်းတို့၏ အယူမှာ မိမိတို့၏တိုင်းပြည်ကို ဘုရားသခင်ကိုယ်တော်တိုင် တိုက်ရိုက်အုပ်ချုပ်သည်ဟု အယူရှိကြလေသည်။

လွန်ခဲ့သော အလယ်ခေတ်သမယ၌မူ အနောက်တိုင်းပြည်လူမျိုးတို့သည် မိမိတို့တိုင်းပြည်ကို ဘုရားသခင် အုပ်ချုပ်စီမံသည်ဟု အယူရှိကြသော်လည်း ဘုရားကိုယ်တော်တိုင် တိုက်ရိုက်အုပ်ချုပ်ခြင်းမဟုတ်၊ ရှင်ဘုရင်ဖြင့် တစ်ဆင့်အုပ်ချုပ်သည်ဟု အယူရှိကြလေရာ ရှင်ဘုရင်တို့မှာ မိမိတို့၏ဩဇာအာဏာကို ထာဝရဘုရားထံမှ တိုက်ရိုက်ရရှိသည်ဟု ယုံကြည်ကြလေသည်။ ယင်းကဲ့သို့ ယုံကြည်ခြင်းကြောင့် ထိုအခါသမယ၌ နိုင်ငံရေးကိစ္စတို့မှာ သာသနာရေးကိစ္စလောက် အရေးမကြီးဘဲ နောက်ဆွယ်က ထားခံရလေသည်။ ထိုကဲ့သို့ အယူရှိသော တိုင်းပြည်တို့မှာလည်း တစ်မျိုးတည်းသော ဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်ကြရလေသည်။

ထိုကဲ့သို့သော တိုင်းပြည်များ၌ တိုင်းရေးပြည်မှု စီမံအုပ်ချုပ်ရေးတို့မှာ အလွန်တရာ ကြီးကျယ်မြင့်သော အလုပ်တစ်ခုဖြစ်လေသည်။ လူသတ္တဝါတို့၏ အလုပ်မဟုတ်၊ ဘုရားသခင်၏ အလုပ်ဟူ၍ သတ်မှတ်ယူကြလေသည်။ ရှင်ဘုရင်မှာလည်း မိမိကိုယ်တိုင် ဘုရားသခင်၏ ကိုယ်စားဟူ၍

mgyoe.com

ယုံကြည်ကြလျက် မိမိတို့ပြုလုပ်အမှုအမှုများကို ဘုရားသခင် အလိုတော် အတိုင်းဖြစ်သည်ဟု အယူရှိကြပြီးလျှင် ထင်သလိုပြုလုပ်နိုင်သော အခွင့် အရေးရှိကြသောကြောင့် မကောင်းသောအမှုကိုပင် ပြုစေကာမူ တော်လှန် ခုခံသောသူတို့မှာ အပြစ်ရှိသည်ဟူ၍ အစွဲပြုကြရလေသည်။

အချို့သောသူတို့၏ အယူမှာ တန်ခိုးကြီးသောသူများက တန်ခိုးသတ္တိ ငယ်သောသူများကို မိမိတို့အောက်သို့ အတင်းအဓမ္မနှိမ်နင်း၍ချခြင်းဖြင့် တိုင်းပြည်များ ဖြစ်ရလေသည်ဟု အယူရှိကြလေသည်။ ထိုအယူသည် အနည်းငယ်မျှသာ မှန်၏။ လုံးလုံးကြီးမှန်သော အယူမဟုတ်ချေ။ အဘယ် ကြောင့်ဆိုသော် တိုင်းပြည်အုပ်ချုပ်ခြင်းအရေး၌ တန်ခိုးကြီးသောမင်းစိုးရာဇာ တို့သည် အာဏာဖြင့် လွှမ်းမိုးတတ်သော်လည်း ပြည်သူ၏အလိုနှင့် ဆန့်ကျင် ခြင်းဖြစ်ချေက ထိုကဲ့သို့သော တိုင်းပြည်တို့သည် တည်တံ့စွာ နေနိုင်ဖို့မရှိ ချေ။

အချို့သော ပညာရှိများက လူသတ္တဝါတို့မှာ ရှေးဦးစွာ ပထမ စည်းလုံးပေါင်းဖွဲ့ကာမနေကြဘဲ မိမိတို့ဘာသာ ထင်သလိုနေထိုင်ကြပြီးမှ တစ်ဦးကိုတစ်ဦး စောင့်ရှောက်ခါ ကိုယ်စီကိုယ်င စောင့်ရှောက်ခြင်းကို ခံကြ ရပြီးလျှင် အနှောင့်အယှက်မရှိဘဲ ချမ်းသာစွာနေထိုင်ဖို့ရန် တစ်ဦးနှင့်တစ်ဦး ပဋိညာဉ်ပြုကြပြီးနောက် ပေါင်းဖွဲ့နေထိုင်ကြသဖြင့် တစ်စတစ်စ တိုင်းပြည် များဖြစ်ကြလေသည်ဟု အယူရှိကြလေသည်။

(Hobbes) ဟောတဲစ် ပညာရှိကြီး ပြောပြသည်မှာ ... လူသတ္တဝါတို့ သည် တစ်ဦးနှင့်တစ်ဦး လွန်စွာ ဂုဏ်ပြိုင်၍ တစ်ဦးကို တစ်ဦးနိုင်အောင် တစ်ဦးထက် တစ်ဦးသာအောင် ကြံစည်တတ်သော သတ္တဝါမျိုးဖြစ်ကြလေ သည်။ ထိုအခါ ခိုက်ရန် အနှောင့်အယှက်ဖြစ်တတ်သောကြောင့် အကြီး အမှူးတစ်ယောက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုကိုသော်လည်း ကောင်း သဘောတူ ရွေးကောက်တင်မြှောက်ကြလေသည်။ ထိုကဲ့သို့ စီမံခြင်း ဖြင့် တိုင်းပြည်များ ဖြစ်ပေါ်ကြလေသည်။ ထိုအယူသည် လုံးလုံးကြီး မမှန် ချေ။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာပေါ်၌ လူဟူသော သတ္တဝါတို့ရှိသည်နှင့် တစ်ပြိုင်တည်း အဖွဲ့အစည်းနှင့်နေကြလေသည်။ ရှေးဦးပထမ တိရစ္ဆာန်များ ကဲ့သို့ တစ်ယောက်ကိုတစ်ယောက် သတ်ပုတ်နှိမ်နင်း၍နေကြပြီးမှ အကြီး

mgyoe.com

mgyoe.com

အမျိုးတင်မြှောက်ကာ အဖွဲ့အစည်း ပြုလုပ်ကြသည်မဟုတ်ချေ။

ဇင်းပညာရှိ၏ အယူအတိုင်းမှန်လျှင် အကြီး ဥက္ကဋ္ဌ မတင်မြှောက်မီ လူသတ္တဝါတို့သည် တိရစ္ဆာန်များကဲ့သို့ နေထိုင် အသက်မွေးကြရာသို့ ရောက်လေသည်။ ထို့ပြင် ဇင်းပညာရှိ၏အယူမှာ ဥက္ကဋ္ဌတင်မြှောက်ပြီးနောက် တိုင်းသူပြည်သားတို့မှာ အခွင့်အာဏာ လွတ်လပ်ခြင်း တစ်စုံတစ်ရာ မရှိကြောင်း အကြီး ဥက္ကဋ္ဌစီမံရာကို ခံရတော့မည်ကဲ့သို့ဖြစ်လေသည်။ (Locke) 'လော့ခ်' ခေါ်သော ပညာရှိ၏အယူမှာ –

လူသတ္တဝါတို့၏ အကြီးအကဲ တင်မြှောက်၍ပြီးသော်လည်း ၎င်းတို့ရှိရင်းဖြစ်သော အခွင့်တရားတို့သည် အကုန်အစင် ဥက္ကဋ္ဌဖြစ်သူ၏လက်သို့ မရောက်၊ မိမိတို့မှာ ထိုအခွင့်တို့သည် တချို့တစ်ဝက် ကျန်ရှိသေးသဖြင့် အကြီးဥက္ကဋ္ဌ ဘုရင်ဖြစ်သူသည် ပြည်သူတို့၏ လက်ရှိဖြစ်သော ထိုအခွင့်တရားတို့ကို ထိပါးကျူးလွန်ချေက ၎င်းရှင်ဘုရင်ကို ရာထူးမှ ချနိုင်ကြလေသည်။

(Rousseau) 'ရူးစူး'ခေါ် ပညာရှင်၏အယူမှာ –

လူသတ္တဝါတို့သည် မူလအစကပင် အသင်းအစုအဝေးများနှင့် နေကြပြီးနောက် ထိုအစုအဝေးများသည် တစ်စစကြီးလာကြလေရာ တစ်ဦးတစ်ယောက်သောသူသည် အများသောသူတို့၏ သဘောဆန္ဒကိုလိုက်နာရသော သဘောတရားပေါ်ပေါက်၍ လာရလေသည်။ ထိုကဲ့သို့ နေထိုင်ခြင်းသည် မူလအစဦး၌ ကောင်းသောနေထိုင်ခြင်းဖြစ်သော်လည်း မကောင်းသောသူအချို့ ပေါ်ပေါက်၍ လာကြသောအခါ စည်းစိမ်ဥစ္စာ သြဇာအာဏာတို့ကို မကောင်းသောသူတို့သည် မိမိတို့၏လက်သို့ရောက်အောင် ကြံစည်နိုင်ကြလေသည်။ သို့သော်လည်း ၎င်းပြည်သူတို့ တင်မြှောက်သော ဥက္ကဋ္ဌများမှာ ပြည်သူ၏အလိုအတိုင်းပြုကြသောကြောင့် ပြည်သူ၏အလိုနှင့်ဆန့်ကျင်ဘက်ဖြစ်သောအခါ အကြမ်းဖြင့်သော်လည်းကောင်း၊ အနုဖြင့်သော်လည်းကောင်း ထိုမကောင်းသော ဥက္ကဋ္ဌတို့ကို ဖြုတ်ချနိုင်ခွင့်ရှိကြလေသည်။

(ဇင်းပညာရှိ၏ သဘောအရ၊ အမျိုးဥက္ကဋ္ဌတို့ မကောင်းခြင်းကြောင့် သူပုန်ထခြင်းသည် နည်းလမ်းကျသောအမှု ဖြစ်လေသည်။)

ဇင်းပညာရှိသုံးဦးတို့၏ အယူသည် ရာဇဝင်နှင့် မညီညွတ်သဖြင့်

mgyoe.com

သုံးဦး လုံးပင် မှားယွင်းကြလေသည်။ အကြောင်းကိုဆိုသော် လူသတ္တဝါဟူ၍ ပေါ်ပေါက်တည်ရှိသည်နှင့်တစ်ပြိုင်နက် အလိုအလျောက် အဖွဲ့အစည်းဖြစ်ရ လေသည်။ အကြောင်းမူကား လူသတ္တဝါတို့မည်သည့် ဇာတိသဘောအားဖြင့် အပေါင်းအသင်းအဖွဲ့အစည်းကို အလိုအလျောက် တောင့်တကြ၏။ ၎င်းတို့ မှာ စိတ်နေသဘောထားအမျိုးမျိုး ကွဲပြားကြသော်လည်း စည်းလုံးစွာ နေထိုင် ရန် သဘောဆန္ဒမှာ လူဟူသမျှတို့၏ စိတ်ထဲ၌ စွဲမြဲတည်ရှိသောကြောင့် ငယ်သော အဖွဲ့အစည်းက ကြီးသောအဖွဲ့အစည်းများ ဖြစ်ပေါ်ကြလျက် တိုင်းနိုင်ငံများ ပေါ်ပေါက်ကြရလေသည်။ တိုင်းနိုင်ငံတို့မည်သည် မရှိသော အဖြစ်မှ ရှိသောအဖြစ်သို့ ပေါ်ပေါက်၍လာရသည်မဟုတ်၊ တစ်စတစ်စ ငယ် သောအခြေမှ ကြီးသောအခြေသို့ တိုးတက်လာရသော အခြေအနေများ ဖြစ်ကြရလေသည် ဟု (Professor Burggess) ပရိုဖက်ဆာ ဘားဂက်(စ်) ခေါ် ပညာရှိကြီးက ပြောဆိုလေသည်။

အဖွဲ့အစည်း တည်ထောင်ခြင်း၌ ထိုကဲ့သို့ တည်ထောင်မှသာလျှင် ကောင်းမည်ဟူ၍ လူတို့၏စိတ်၌ သဘောထားကာ တည်ထောင်ခြင်းမဟုတ်၊ ရှေးဦးပထမ လင်မယား၊ သားအမိ၊ သားအဖသည် ရှိ၏။ ၎င်းတို့မှ တစ်ဆင့် ပြန့်ပွားကာ အိမ်ထောင်စုများစွာ ဖြစ်၏။ ထို့နောက် သွေးစပ်သော အိမ် ထောင်စုတို့သည် လူသတ္တဝါတို့၏ ခင်မင်တွယ်တာတတ်သော သဘော အတိုင်း စုရုံးကာ နေကြ၏။ ထိုအခါ စီးပွားကို ဖြောင့်တန်းစွာ ရှာရသော အရေး၊ ကြီးပွားတိုးတက်ခြင်းအရေး၊ အပရန်သူ၊ အတွင်းရန်သူ အနှောင့် အယှက်တို့ကို ကာကွယ်ရန်အရေးများနှင့်ပတ်သက်၍ တစ်စတစ်စအကြောင်း အားလျော်စွာ အတွေးအကြံ ပေါ်ပေါက်၍လာကြပြီးလျှင် မိမိတို့၏ အဖွဲ့အစည်းကို ခိုင်လုံသည့်ထက်ခိုင်လုံအောင် ကျေးရွာမှစ၍ မြို့ပြတိုင်းပြည် အဖြစ်သို့ တစ်စတစ်စ ချဲ့ထွင်လာကြလေသည်။ ရှေးပထမလူကြီးမိဘတို့ သည် အုပ်ချုပ်စီမံကြ၏။ ၎င်းလူကြီး မိဘတို့မှာ ကိစ္စများလာကြသောအခါ အရေးအကြောင်းအားလျော်စွာ လူသမာဓိ၊ ခုံသမာဓိကို တင်မြှောက်ကြရ၏။ ၎င်းတို့၌ ထူးချွန်သောပုဂ္ဂိုလ်သည် အများတို့၏ ကြည်ညိုအားထားခြင်း သဘောအတိုင်း အကြီးအမှူး သမ္မတသဖွယ် ဖြစ်လာရလေသည်။ ထိုမှ တစ်စတစ်စ ပြည်သူတို့၏ ကိုးစားအားထားခြင်း ကြီးမားလေလေ ၎င်း

mgyoe.com

သမ္မတ၏ ဩဇာတိုးတက်လေလေဖြစ်၍ လာလေသည်။ ရှေးဦးပထမ လူတို့သည် ၎င်းကို ကြည်ညိုလေးမြတ်ကြ၏။ ထို့နောက် တစ်စ တစ်စ ထိုသူ၏ အစွမ်းသတ္တိကြီးမား၍ လာသောအခါ အခွင့်တန်ခိုးတို့ကို ၎င်းအား လွှဲအပ်ယုံကြည်ကြ၏။ ၎င်းအခွင့်တန်ခိုးတို့သည် ထိုထူးမြတ်သော ပုဂ္ဂိုလ်တို့အား အစွမ်းသတ္တိတစ်မျိုးဖြစ်၍ လာလေ၏။ ၎င်း၏ အမိန့်ကိုလိုက်နာမည် ဖြစ်သော သူတို့သည် ပေါ်များ၍လာ၏။

ထိုအခါ ၎င်း၏လက်ထဲတွင် တန်ခိုးအာဏာပေါ်ပေါက်၍လာလေ ရာ ကြောက်ရွံ့ ရိုသေခြင်းသည် လူအများတို့၏စိတ်၌ ဖြစ်ပေါ်လာလေ၏။ ထိုနောက်မှ တစ်စစ ပြည်သူတို့၏အကျိုးကို အထူးဆောင်ရွက်နိုင်ခြင်း ပြည်သူတို့အား ရန်သူအနှောင့်အယှက်ဘေးမှ ကယ်ဆယ်နိုင်ခြင်းစသည့် အစွမ်းသတ္တိတို့ ထင်ရှားလာသောအခါ ၎င်း၏ဩဇာအာဏာ၊ ၎င်း၏ အသိုက်အဝန်းသည် တိုးတက်ကြီးကျယ်၍ လာပြန်ပြီးလျှင် မင်းအဖြစ်သို့ ရောက်ရလေသည်။ ထိုအခါ တိုင်းပြည်သည်လည်း တစ်စ တစ်စ ကြီးကျယ် ၍လာရလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သောမင်း၏အောက်၌ အသက်မွေး နေထိုင်ရခြင်းသည် အေးချမ်းခြင်းကိုဖြစ်စေ၏ဟု ကိုးစား ယုံကြည်ကြသောသူဟူသမျှတို့သည် ခိုကိုးဝင်ရောက် လာကြရလေသတည်း။

(Professer Leacock) ပရိုဖက်ဆာ လီးကောက်ခေါ် ပညာရှိသည် တိုင်းနိုင်ငံတို့ တိုးတက်ကြီးပွားလာခြင်းအကြောင်းနှင့် ပတ်သက်၍ အောက် ပါအတိုင်း ဖော်ပြလေသည်။

၁။ ရှေးရှေးသော တိုင်းပြည်များ၌ သတ်မှတ်သော နယ်ပယ်များသည် သေးငယ်လေရာ နောင်တစ်စတစ်စ ကြီးကျယ်၍လာခြင်း။

၂။ ရှေးဦးပထမ တိုင်းနိုင်ငံနှင့် ပတ်သက်သော အလုပ်တို့မှာ တည်တံ့ ခြင်းနှင့် စည်းကမ်းကင်းမဲ့ခဲ့လေရာ နောင်တစ်စ တစ်စ စနစ်ကျ လျက် တည်တံ့ခြင်း အခြေသို့ရောက်ခြင်း။

၃။ ရှေးဦးပထမ နိုင်ငံရေးအလုပ်ဟူ၍ သိသာကျနစွာမရှိခဲ့ဘဲ အလို အလျောက် အစစအရာရာတို့ အခါအခွင့် အကြောင်းအားလျော်စွာ ပြုလုပ်စီမံ လာကြပြီးနောက် နိုင်ငံရေးအလုပ်ဟူ၍ သိသိသာသာ တစ်စ တစ်စ ပေါ်ပေါက်၍လာခြင်း။

mgyoe.com

mgyoe.com

၄။ နိုင်ငံရေးနှင့် သာသနာရေးတို့ ရှေးအခါ ကာလတွင် ထွေးယှက်၍ နေခဲ့ရာ နောင်တဖြည်းဖြည်း ခြားနားး၍သွားခြင်း။

၅။ တိုင်းပြည်ကို အုပ်ချုပ်ရာ၌ ဒီမိုကရေစီခေါ် ပြည်သူ၏ သြဇာလွှမ်းမိုး လာခြင်း၊ ၎င်းတိုးတက်ခြင်းသည် အရေးအကြီးဆုံးသော တိုးတက် ခြင်းဖြစ်လေသည်။

ထို့နောက် တစ်ဦးတစ်ယောက်သောသူ၏ အစွမ်းဖြင့်ဆောင်ရွက်ခြင်း ၄ှာ မတတ်နိုင်၊ တိုင်းနိုင်ငံအားဖြင့် ဆောင်ရွက်မှသာ တတ်နိုင်ဖို့ရှိသော ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲသူတို့ကို ကြည့်ရှုခြင်းအရေး၊ ရာဇဝတ်ပြစ်မှု များကို ကာကွယ်စောင့်ရှောက်ခြင်းအရေးတို့သည် တစ်စတစ်စ ကြီးပွား တိုးတက်၍ လာလေသည်။ ၎င်း၌ာနတို့၌ ရှေးရှေးသောကာလ ခေတ်သမယ တို့တွင် အုပ်ချုပ်စီမံခြင်းသည် နည်းလမ်း စည်းကမ်း မကျသည့်အပြင် ထို၌ာနတို့၌ ပြည်သူ၏သြဇာမရှိခဲ့ချေ။ ယခုမှာမူ မင်းတိုင်ပင်အဖွဲ့အစည်းဖြင့် စီမံကြရသောကြောင့် ပြည်သူ၏သြဇာ မြောက်မြားစွာပါဝင်လေရာ အလွန်တရာ ကြီးပွားတိုးတက်နေသည်ဟု မှတ်ယူရပေမည်။

■

mgyoe.com

mgyoe.com

# အခန်း (၂)

## တရားဥပဒေအကြောင်း

တရားဥပဒေတို့သည် နှစ်မျိုးရှိ၏။ လောကုတ္တရာကျင့်စဉ် ဥပဒေတစ်မျိုးမှာ လောကီဥပဒေ ဖြစ်လေသည်။ ထာဝရဘုရားသခင်ကို ယုံကြည်ကိုးကွယ်သော လူမျိုးတို့သည် လောကုတ္တရာဥပဒေကို ဘုရားသခင်ပြုလုပ်တည်ထောင်သည်ဟု အယူရှိကြ၏။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမှာမူ ထိုကဲ့သို့မဟုတ်ချေ။ သို့သော်လည်း ဤကျမ်းသည် လောကုတ္တရာကျမ်းမဟုတ်သဖြင့် ထိုအကြောင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြရန်မလိုချေ။ လောကီဥပဒေကိုမူကား ရှင်ဘုရင်တို့သည်လည်းကောင်း၊ ၎င်းရှင်ဘုရင်တို့ ကိုယ်စားဖြစ်ကြကုန်သော အခွင့်အာဏာရှိသူတို့သည် လည်းကောင်း ပြုလုပ်တည်ထောင်ကြလေသည်။

စင်စစ်မှာ ၎င်းဥပဒေတို့သည် ပြည်သူတို့လိုက်နာဆောင်ရွက်ဖို့ရန်တိုင်းပြည်၏ သဘောဆန္ဒအတိုင်း ပြုလုပ်စီမံရသော စည်းကမ်း အစုအဝေးများ ဖြစ်လေရာ ထိုစည်းကမ်းတို့ကို နားမထောင်သော သူတို့အပေါ်၌ အစိုးရမင်းတို့က အပြစ်ဒဏ်ပေးရလေသည်။

သို့ဖြစ်၍ ထိုဥပဒေတို့သည် စုဝေးနေထိုင်သော လူသတ္တဝါတို့လိုက်နာရန် အမိန့်အာဏာတစ်မျိုးဖြစ်လေရာ ထိုအမိန့်အာဏာတို့ကို လိုက်နာရမည်ဟူ၍ အကြီးဆုံးသော နိုင်ငံအစိုးရမင်းတို့က အကျပ်အတည်း အခိုင်အမာပြုရလေသည်။

mgyoe.com

mgyoe.com


လောကီဥပဒေတို့သည် အပြင်အပအလုပ်များ ဖြစ်ကြ၏။ လောကုတ္တရာ ဥပဒေတို့မှာ အတွင်းစိတ်၏ အလုပ်၌လည်း သက်ဆိုင်လေသည်။ သို့ဖြစ်သောကြောင့် လောကုတ္တရာဥပဒေအရ တစ်စုံတစ်ယောက်အပေါ်၌ အပြစ်ရှိသော်ငြားလည်း လောကီဥပဒေရှိသည်ဟု မဆိုနိုင်ချေ။ လိမ်လည်စကားပြောခြင်း မုသာဝါဒကံသည် လောကုတ္တရာဥပဒေအရ အပြစ်မကောင်းမှုဖြစ်၏။ သို့သော်လည်း လောကုတ္တဥပဒေအရ လိမ်လည်ကျမ်းရွက်ခြင်း၊ ပဋိညာဉ် စာချုပ်ကို လိမ်လည်ပြုလုပ်ခြင်း၊ အပြင်အပအမှုတို့ကို ပြုလုပ်မှသာလျှင် တရားဥပဒေနှင့်ဆန့်ကျင်သည်ဟု ဆိုနိုင်လေသည်။ "တစ်စုံတစ်ခုသောအမှုကို ပြုလုပ်ပြီးနောက် ထိုအမှုအတွက် အပြစ်မပေးနိုင်လျှင် ထိုအမှုကို ပြုလုပ်ခြင်းသည် ဥပဒေကို ကျူးလွန်သည်ဟု မဆိုနိုင်ချေ" သို့သော်လည်း အများပြည်သူတို့ အပြစ်ဒဏ်ကို ကြောက်သောကြောင့်သာ ဥပဒေကို လိုက်နာရသည်ဟု အမြဲမှတ်ယူရန် မသင့်ချေ။ ဥပဒေကို မကျူးလွန်ရအောင် အစိုးရမင်းတို့က အကျပ်အတည်းပြုလုပ်ထားသော်လည်း ပြည်သူတို့သည် ထိုကဲ့သို့ အကျပ်အတည်း ပြုလုပ်ခြင်းကြောင့်သာ ဥပဒေကို လိုက်နာကြသည်မဟုတ်၊ အလေ့အကျင့် အစဉ်အလာကြောင့်လည်းကောင်း၊ လူသတ္တဝါတို့၏ စိတ်မှာရှိရင်းဖြစ်သော ကောင်းမြတ်သောသဘောကြောင့် လည်းကောင်း၊ ဥပဒေကို လိုက်နာသည်ဟူ၍လည်း ယုံကြည်နိုင်လေသည်။ ဥပဒေကိုမလိုက်နာလျှင် မနေရဟု အစိုးရမင်းက အကျပ်အတည်းပြုသောကြောင့်သာလျှင် ဥပဒေကို လိုက်နာကြရသည်ဟု မှတ်ယူ ယုံကြည်ချေက လူသတ္တဝါတို့သည် အလွန်တရာ ရိုင်းစိုင်းကြမ်းကြုတ်သဖြင့် တရားထက် ဓားကိုကြောက်ရာသို့ ရောက်၍ နေပေလိမ့်မည်။

"ဥပဒေသည် နိုင်ငံ၌ အကြီးဆုံးသော တန်ခိုးအာဏာရှင်ဖြစ်သူ၏ အမိန့်ဖြစ်၏" ထိုအကြီးဆုံးသော တန်ခိုးအာဏာသည် ပြည်သူ၏လက်တွင် တည်ရှိချေက ထိုဥပဒေကို ပြည်သူသဘောဆန္ဒဖြစ်သည်ဟု အယူရှိရပေမည်။ ဥပဒေသည် အမိန့်ဖြစ်သည်ဟုဆိုသော် တန်ခိုးအကြီးဆုံးဖြစ်သူ၏ အမိန့်မဟုတ်ချေက ထိုအမိန့်သည် ဥပဒေအဖြစ်သို့ မရောက်နိုင်ချေ။ အကြောင်းမူကား အကြီးဆုံးသော အာဏာရှင်၏ အမိန့်မဟုတ်ချေက ၎င်းအမိန့်ကို ထိုထက်ကြီးသော အာဏာရှင်၏အမိန့်ဖြင့် ပယ်ဖျက်နိုင်လေသည်။

mgyoe.com

mgyoe.com

တိုင်းပြည်ကြီး၌ အကြီးဆုံးသော အာဏာသည် အဘယ်မှာ တည်ရှိသည်ဟူသော အကြောင်းကို နောက်၌ ဖော်ပြပါလိမ့်မည်။

ဥပဒေတို့သည် အစဉ်အလာမှာသော်လည်းကောင်း၊ ဘာသာအယူဝါဒမှသော်လည်းကောင်း ပေါ်ထွက်လာပြီးလျှင် တရားသူကြီးတို့၏ ဆုံးဖြတ်ချက် အစဉ်အလာတို့ဖြင့် ၎င်းဥပဒေကို ထပ်လောင်းချဲ့တွင် ဖြည့်စွက်ရလေသည်။ ၎င်းဥပဒေတို့သည် တိုင်းသူပြည်သားတို့၏ အလေ့အကျင့် အစဉ်အလာ အစွဲအလမ်း စိတ်နေသဘောထားနှင့် လုံးလုံးဆန့်ကျင်ချေက ထိုဥပဒေတို့သည် မြဲမြဲတည်တံ့ခြင်း မရှိနိုင်ချေ။ တရားသူကြီးတို့၏ စီမံဆုံးဖြတ်ချက်များသည် အစဉ်အလာဖြစ်ကြလျက် ယခုခေတ်ကာလမှာပင် ထိုဆုံးဖြတ်ချက်တို့ကို အမှီပြုကာ ဥပဒေလုပ်ကြလေသည်။ တစ်ရံတစ်ခါ တရားစီရင်ရာ၌ လိုက်နာအသုံးပြုရန် ဥပဒေရှိသည့်အခါ တရားသူကြီးတို့သည် ဖြောင့်မှန်သော ကိုယ်ပိုင်သဘောဉာဏ်ကို အသုံးပြု၍ ဆုံးဖြတ်ကြရလေသည်။ ထိုကဲ့သို့သော ဆုံးဖြတ်ချက်တို့သည် ဥပဒေ၌ ထပ်လောင်းဖြည့်စွက်ခြင်းများ ဖြစ်ကြလေသည်။ သို့သော် ၎င်းအချက်တို့မှအပ အချုပ်ကိုပြောရမည်ဆိုလျှင် ဥပဒေတို့သည် ဥပဒေပြုလုပ်ခြင်းဌာနမှ ထွက်ပေါ်လာရလေသည်။ တရားသဖြင့် တည်ရှိသော အစိုးရမင်းတို့သည် ပြည်သူ၏အလိုကို ဆင်ခြင်ကာ ဥပဒေလုပ်နိုင်သော အခွင့်ကို မိမိတို့၏ လက်ဝယ်ထားကြလေသည်။

တိုင်းပြည်၌ ဥပဒေလုပ်ခြင်းနှင့်ဆိုင်သော အခွင့်အာဏာသည် ပါလီမန်လွှတ်တော်မှာ ရှိလေသည်။ သို့ဖြစ်သောကြောင့် အများဆုံးသော ဥပဒေတို့သည် ပါလီမန်လွှတ်တော်မှ ပေါ်ထွက်လာရသည်ကို ထောက်လိုက်သော် ပါလီမန်လွှတ်တော်သည် တိုင်းပြည်၌ အကြီးဆုံးသော တန်ခိုးအာဏာ၏ တည်ရှိရာဌာနဖြစ်ကြောင်းကို သိသာလေသည်။ ပါလီမန်လွှတ်တော်သည်ကား တိုင်းသူပြည်သားတို့၏ အလိုဆန္ဒနှင့် ရှည်မြင့်စွာ ဆန့်ကျင်၍ မနေနိုင်ချေ။ ၎င်းဥပဒေတို့သည် ခေတ်ကာလသမယ အခြေအနေတို့နှင့် မညီမညွတ် တိုင်းသူပြည်သားတို့၏ တိုးတက်ကြီးမြင့်သောစိတ်နေသဘောထားကိုမမီ နောက်ကျန်၍နေချေက ထိုဥပဒေတို့ကို ကျူးလွန်ခြင်းသည် ဥပဒေကိုလိုက်နာခြင်းထက် ပိုမြတ်သည်ဟု (Woodrow Wilson) ဝုဒရော

mgyoe.com

ဝိလဆင်က ပြောပြလေသည်။

ရောမလူမျိုးတို့၏ အယူဝါဒအရ ဥပဒေတို့သည် တိုင်းပြည်၏ အမှူးဆောင်ဖြစ်သော အာဏာပိုင်အရာရှိတို့၏ နှုတ်ဖြင့်တိုင်းပြည်က ထုတ်ပြန်သောအမိန့်များ ဖြစ်လေသည်။ ကြူတန်လူမျိုးတို့၏ အယူဝါဒအရ ဥပဒေတို့သည် တိုင်းသူပြည်သားတို့၏ မိရိုးဖလာ အလေ့အကျင့် ဖြစ်လေသည်။

၎င်းရောမနှင့် ကြူတန်အယူဝါဒနှစ်မျိုး ပေါင်းစပ်ခြင်းဖြင့် ယခုခေတ်ကာလ ဥရောပတိုင်းဥပဒေများ ပေါ်ထွက်လာရသည်ဟူ၍လည်း ဆိုနိုင်လေသည်။

## အစိုးရအကြောင်း

တိုင်းနိုင်ငံဟူသော အကြောင်းကို ဆင်ခြင်စဉ်းစားရာ၌ အစိုးရသည် အရေးအကြီးဆုံးဖြစ်ကြောင်း စိတ်ထဲ၌ထင်မြင်သိရှိရလေသည်။ တိုင်းနိုင်ငံဟူသမျှတို့၌ အုပ်ချုပ်သူများ၊ အုပ်ချုပ်ခံရသူများ ရှိလေသည်။ အုပ်ချုပ်သူအစိုးရ မရှိသည်နှင့်တစ်ပြိုင်တည်း တိုင်းနိုင်ငံအဖြစ်သည် ရပ်စဲလျက်သောင်းကျန်းသော မင်းမဲ့အဖြစ်သည် ပေါ်ပေါက်၍လာရလေသည်။

အစိုးရဆိုသည်မှာ အုပ်ချုပ်ခြင်းခံရသောသူတို့အား အမိန့်ပေးသောဌာနဟူ၍ သိရှိရလေသည်။ ၎င်းအစိုးရမင်းတို့သည် တိုင်းနိုင်ငံ၏ အကြီးဆုံးသော တန်ခိုးအာဏာတို့ကို ဆောင်ရွက်အသုံးပြုသော စက်ကရိယာလက်နက်မျိုးနှင့် တူလေသည်။ စင်စစ်မှာသော်ကား (State) ခေါ် တိုင်းနိုင်ငံနှင့် တိုင်းနိုင်ငံအစိုးရခွဲ၍မရ။ ပေါင်းစပ်လျက်ရှိသောကြောင့် အင်္ဂလိပ်ဘာသာစကား၌လည်းကောင်း (State)စတိတ်ခေါ် တိုင်းနိုင်ငံကိုပင် အစိုးရဟူ၍သာမန်အားဖြင့် ခေါ်ဆိုတတ်ကြလေသည်။

မြန်မာဘာသာစကားမှာမူကား ထိုကဲ့သို့ခေါ်ဆိုနိုင်ရန် လက္ခဏာမရှိချေ။ ၎င်းအုပ်ချုပ်ခြင်း အစိုးရသည် ပြည်သူတို့က သဘောတူခွင့်ပြုပေးကြသဖြင့် တည်ရှိရလေသည်။ တစ်စိတ်တစ်ဒေသဖြစ်သော ပြည်သူတို့၏ သဘောတူခြင်းကိုမျှ မခံစား၊ မရရှိသော အုပ်ချုပ်ခြင်းတို့သည် တိုင်းပြည်၌မရှိနိုင်ချေ။ အနည်းဆုံးအားဖြင့် အချို့အဝက်သော ပြည်သူတို့က သဘောတူ

mgype.com

mgyoe.com

ကြသဖြင့်သာလျှင် နိုင်ငံအစိုးရ ဖြစ်လေသည်။ ထိုကဲ့သို့သော သဘောတူ ခြင်းမျိုးကို ပြည်သူတို့က အတိအလင်းထုတ်ဖော် မြွက်ဟပြောဆို၍ မပြနိုင် သည့်အခါ၌ လည်းကောင်း၊ ကန့်ကွက်ခြင်း တစ်စုံတစ်ရာကို ပြည်သူတို့က အဖွဲ့အစည်းဖြင့် ခုခံပြုလုပ် ပြောဆိုခြင်းငှာ မစွမ်းနိုင်သည့်အခါလည်း ကောင်း ထိုကဲ့သို့သော အစိုးရမင်းတို့ကို (Despotism) ဒက်စပိုတစ်ဇင်း ခေါ် သဘောအတိုင်း ထင်သလို အုပ်ချုပ်ခြင်းမျိုးဟု ခေါ်ရလေသည်။

ပြည်သူတို့သည် အဖွဲ့အစည်းဖြင့် မိမိတို့ ထင်မြင်ချက်ကို အတိ အလင်းပေးနိုင်ကြသည့်အခါ ထိုကဲ့သို့ ပြည်သူ၏အခွင့်ကို ရသော အစိုးရ မင်းတို့ကို (Constitutional Government) "ကွန်စတီကျူးရှင်နဲ့ဂါဘား မင်း" ခေါ် တရားလမ်းအတိုင်း အုပ်ချုပ်ခြင်းဟု ခေါ်သည်။

တစ်ရံတစ်ခါ အစိုးရဟူသော စကားကို ကိုယ်ထိလက်ရောက် အုပ်ချုပ် စီမံသော လူစုအတွက် အသုံးပြုတတ်ကြလေသည်။ ထိုလူစုသည်ကား ဥပဒေ ပြုအဖွဲ့အစည်း၏ အမိန့်ကို လိုက်နာဆောင်ရွက်သူများ ဖြစ်ကြလေသည်။ ဗြိတိသျှတိုင်း (Cabinet Ministers) "ကယ်ဘိနက် မက်နစ်စတာ" ခေါ် လွှတ်တော်အမတ်များသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်စုများဖြစ်၍ ၎င်းတို့ တစ်စုတစ်ဝေးကိုပင် အစိုးရမင်းဟု ခေါ်ဆိုနိုင်လေသည်။

၎င်းပြင် တိုင်းနိုင်ငံ၌ တန်ခိုးအကြီးဆုံးသောဌာနကို အစိုးရဟုခေါ်ဆို ရသောကြောင့် ပါလီမန်လွှတ်တော်၌ များရာဘက်သား အမတ်အစုအဝေး ကို အစိုးရဟူ၍ ခေါ်ဆိုနိုင်လေသည်။ ၎င်းတို့နှင့်ဆန့်ကျင်သော အားနည်း ရာဘက်သား အမတ်များ၏ အစုအဝေးကို (Opposition) "အော့ပေါ်စီးရှင်း" ခေါ် ခုခံကန့်ကွက်ခြင်းဟု ခေါ်ရလေသည်။ အစိုးရတို့၏ အရေးကြီးဆုံးသော ပထမတာန်းတာဝန်မှာ ပြည်သူ၏ အရေးကိစ္စတို့ကိုဆောင်ရွက်ခြင်း၊ ပြည်သူ ဆင်းရဲသားတို့၏ ထိပါးစော်ကားခြင်းကို ခံရသည့်အခါ၊ ထိုကဲ့သို့ခံရသော သူတို့၏စိတ်ကျေနပ်အောင် ပြုလုပ်စီရင်၍ ပေးခြင်း၊ ၎င်းပြည်သူ ဆင်းရဲသား တို့အပေါ်၌ ထိပါးကျူးလွန်ခြင်းကို မဖြစ်စေရအောင် ကာကွယ် စောင့်ရှောက် ခြင်းများ ဖြစ်လေသည်။

■

mgyoe.com

mgyoe.com

## အခန်း (၃)

## တိုင်းပြည်၌ အကြီးဆုံးသော အချုပ်အခြာ၏အကြောင်း

တိုင်းပြည်၌ မည်သူအချုပ်ဖြစ်သည်၊ မည်သည့်ဌာနမှာ အကြီးဆုံး ဖြစ်သည်ကို ကျနသေချာစွာ ဖော်ပြခြင်းငှာ စွမ်းဆောင်နိုင်သောအရာမဟုတ် ချေ။ အင်္ဂလိပ်ဘာသာ၌ (Soveregnty) "ဆိုဘရင်းတီး"ခေါ် အချုပ်အခြာ ဖြစ်သည်ဟူသော စကားမှာ အဓိပ္ပာယ်များစွာ ရှိလေသည်။ တိုင်းပြည်၏ ဘုရင်မင်းမြတ်တို့ကိုလည်း အချုပ်အခြာဖြစ်သည်ဟု ဆို၏။ သို့သော်လည်း ထိုကဲ့သို့ ခေါ်ဆိုခြင်းသည် နာမည်မျှသာဖြစ်၍ တရားဥပဒေသဘောအတိုင်း မဟုတ်ချေ။

အကြောင်းမူကား ရှင်ဘုရင်သည် ဥပဒေလုပ်သူမဟုတ်၊ ၎င်းသည် ဥပဒေအပြင်ဘက်၌လည်းမရှိ၊ တိုင်းပြည်စီမံအုပ်ချုပ်ခြင်းအရာ၌လည်း ရှင်ဘုရင်တစ်ဦးတည်းသာလျှင် အရေးအကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ မဆိုနိုင် ချေ။ သို့ဖြစ်ခြင်းကြောင့် ရှင်ဘုရင်မင်းမြတ်တို့ကို အချုပ်အခြာဟူ၍ ခေါ်ခြင်းသည် အပြင်အပ အရေးပေး၍ ခေါ်ဆိုခြင်းမျှသာ ဖြစ်လေသည်။

တိုင်းပြည်၌ ပါလီမန်လွှတ်တော်ကို အချုပ်အခြာဟူ၍လည်း ခေါ်ဆို ကြသည်။ ထိုကဲ့သို့ခေါ်ဆိုခြင်းကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ အကြောင်း မူကား ပါလီမန်လွှတ်တော်သည် ဥပဒေထုတ်ပြန်ခြင်းအရာ၌ အချုပ်အခြာ ဖြစ်လေသည်။ ၎င်းဌာနသည် ဥပဒေများကို လုပ်နိုင်၍လည်းကောင်း၊ ဥပဒေ များကို ဖျက်နိုင်သောဌာနလည်း ဖြစ်လေသည်။ ၎င်းဌာနမှတစ်ပါး ထုတ်ပြန်

mgyoe.com

mgyoe.com

သော ဥပဒေဟူသမျှကို မည်သူတစ်စုံတစ်ယောက်ကို မည်သူ တစ်စုံတစ်ယောက်မှ ပြောင်းလဲခြင်းငှာ မစွမ်းနိုင်ချေ။ သို့ဖြစ်ခြင်းကြောင့် ၎င်းဌာနကို (Soverlgn De Jure) "ဆိုဘရင်း ဒေးဂျူးရေး" တရားဥပဒေနှင့်ဆိုင်သော အချုပ်အခြာ (သို့မဟုတ်) အခွင့်တရားပိုင် အချုပ်အခြာဟု ခေါ်ရလေသည်။ ၎င်းပြင် ထိုဌာန၏တန်ခိုးအာဏာကို မည်သူတစ်စုံတစ်ယောက်မျှ ဖီဆန်ခြင်းငှာ မစွမ်းနိုင်ကြသည့်အပြင် တရားဥပဒေကို မလိုက်နာဘဲမနေရဟု အကျပ်အတည်းပြုနိုင်သောကြောင့် (Sovereign De Fac To) "ဆိုဘရင်ဒေဖတို" အချုပ်အခြာ အစစ်ဟူ၍လည်း ခေါ်ဆိုရလေသည်။

၎င်းပြင် Sovereign People 'ဆိုဘရင်ပီးပူလ်' အချုပ်အခြာပြည်သူဟူသော စကားသည်လည်း ရှိပြန်သေးသည်။ ယခုခေတ်ကာလ တိုင်းနိုင်ငံတို့မှာ နိုင်ငံအရာ၌ ပြည်သူကို အချုပ်ဟူ၍ ခေါ်ဆိုရလေသည်။ ထိုကဲ့သို့ခေါ်ဆိုရခြင်းသည် နိုင်ငံရေးကိစ္စလုပ်ငန်းနှင့် ပတ်သက်၍ ခေါ်ဆိုသမုတ်ခြင်း ဖြစ်လေသည်။ ၎င်းပြည်သူတို့ကို တိုင်းနိုင်ငံ၌ အချုပ်အခြာဖြစ်သည်ဟု ခေါ်ဆိုရသော်လည်း ဥပဒေကို ထုတ်ပြန်နိုင်သော အစွမ်းသတ္တိကြောင့် ခေါ်ဆိုခြင်းမဟုတ်၊ ဥပဒေထုတ်ပြန်သော လူများကို ရွေးကောက်ပေးနိုင်သောကြောင့် ဖြစ်လေသည်။

သို့သော်လည်း တိုင်းနိုင်ငံ၌ အချုပ်အခြာဟူသော စကား၏ အစစ်အမှန်ဖြစ်သော အဓိပ္ပာယ်မှာ တရားဥပဒေနှင့် ပတ်သက်သော အဓိပ္ပာယ်လည်းမဟုတ်၊ နိုင်ငံရေးနှင့်ပတ်သက်သော အဓိပ္ပာယ်လည်းမဟုတ်၊ ကျွတ်ကျွတ်လွတ်လွတ် အကြီးဆုံးသော တန်ခိုးသတ္တိ၏ တည်ရာဌာနကို ဆိုလိုသည်။ ၎င်းဌာနသည်ကား State(စတိတ်)ခေါ် တိုင်းနိုင်ငံပင် ဖြစ်လေသည်။ ၎င်းတိုင်းနိုင်ငံ အဆုံးမရှိသော ကြီးမားသည့် တန်ခိုးအာဏာ၏အောက်၌ ပြည်သူအပေါင်းတို့သည် နေထိုင်ကြရ၏။

ရှေးအထက်ကျော်ကာလအခါများ၌ ဘုရင်မင်းမြတ်တို့သည် အထက်ဖော်ပြခဲ့သည့်အတိုင်း အပြင်အပ နာမည်အားဖြင့်သာလျှင် အချုပ်အခြာဖြစ်ကြသည်မဟုတ်၊ ဥပဒေအခွင့်အရေးအားဖြင့်လည်း အချုပ်အခြာဖြစ်ကြလေသည်။ အကြောင်းမူကား ထိုအခါသမယ၌ ဘုရင်မင်းမြတ်တို့သည် တိုင်းပြည်၌အကြီးဆုံးဖြစ်ကြ၍ ဥပဒေများကိုလုပ်ခြင်း၊ ဥပဒေများကို ဖျက်နိုင်

mgyoe.com

ခြင်း၊ အခွင့်တရားတို့သည် ၎င်းတို့၏ လက်ဝယ်၌ ရှိကြလေသည်။ သို့သော်လည်း ၎င်းအခွင့်တရားသည် တဖြည်းဖြည်း ဆုတ်၍လာပြီးလျှင် နောက်ဆုံး၌ ဥပဒေလုပ်ကိုင်သောအခွင့်၊ ဥပဒေကိုဖျက်နိုင်သောအခွင့်၊ ၎င်းအခွင့်တရားတို့သည် ဘုရင်မင်းမြတ်တို့၏ လက်၌ အကုန်အစင် ပျောက်ပျက်ခြင်းသို့ ရောက်လေသောကြောင့် ဥပဒေ အခွင့်တရား အချုပ်အခြာဖြစ်ခြင်းသို့ ရောက်လေ၏။ အကြောင်းမူကား ဥပဒေနှင့် ပတ်သက်သော ထိုအချုပ်အခြာဖြစ်ခြင်းသည် ဥပဒေလုပ်သောပုဂ္ဂိုလ် အစုအဝေးရှိရာသို့ ကူးပြောင်းသက်ရောက်လေ၏။ ပါလီမန်လွှတ်တော်၌ ယခုအခါ ဘုရင်မင်းမြတ်ပါဝင်သော်လည်း ၎င်းဘုရင်မင်းမြတ်တို့မှာ ရှေးရှေးသော အစဉ်အလာကို လေးစားရှိသေခြင်းကြောင့် ပါလီမန်လွှတ်တော်၌ ၎င်းတို့ကို အချုပ်အခြာ အမှူးသဖွယ် တင်မြှောက်၍ ထားခြင်းမျှသာ ဖြစ်လေသည်။ စင်စစ်မှာသော် ကား ၎င်းတို့သည် ဥပဒေများကို မိမိတို့သဘောအတိုင်း ထုတ်ပြန်ပယ်ဖျက် နိုင်ခွင့် မရှိကြချေ။

ဥပဒေအခွင့်တရားအတိုင်း အချုပ်အချယ် ဖြစ်ခြင်းသည် အစစ်အမှန် အာဏာအချုပ်အခြာဖြစ်ခြင်းနှင့် ထပ်တူထပ်မျှပင် ဖြစ်ရလေသည်။ ထိုကဲ့သို့ မဟုတ်ချေက တည်တံ့မြဲမြန်သော တိုင်းပြည်မဖြစ်နိုင်ချေ။ တည်တံ့မြဲမြံသော တိုင်းပြည်တို့မှာ အခွင့်တရားရှိသောဌာန၌ တန်ခိုးအာဏာသည်လည်း တစ်ပါတည်းရှိရလေသည်။

ဒီမိုကရေစီတိုင်းနိုင်ငံတို့၌ ပြည်သူတို့သည် အချုပ်အခြာဖြစ်သည်ဟု ဆိုရသော်လည်း ပါလီမန်လွှတ်တော် အမိန့်အာဏာကို မထုတ်ချေက ဒီမိုကရေစီဟူသော ပြည်သူ၏ ဩဇာသည် တိုင်းပြည်ကို မင်းမဲ့တိုင်းပြည် အဖြစ် ရောက်စေနိုင်သဖြင့် တိုင်းပြည် ပျက်စီးခြင်း၏ အကြောင်းပင်ဖြစ်ဖို့ ရှိလေသည်။ ၎င်းအချက်ကို အကုန်အစင် ပြန်လှန်စဉ်းစားလိုက်သောအခါ တိုင်းပြည်၌ မည်သူ အချုပ်အခြာဖြစ်သည်၊ မည်သည့်ဌာနသည် အချုပ်အခြာဖြစ်သည်ဟူသော အချက်သည် လေ့နံ့စားထစ် အစွဲပြု၍ မှတ်သားရန် ခက်ခဲသောအချက်ဖြစ်၍ နေလေသတည်း။

ယခုကာလ တိုင်းပြည်၌ အချုပ်အခြာဖြစ်ခြင်းသဘောမှာ တိုင်းနိုင်ငံ၏ အမြင့်ဆုံး အကြီးအမြတ်ဆုံးဖြစ်သော အခြေအနေကို ဆိုလိုသည်။ တိုင်း

mgyoe.com

mgyoe.com

နိုင်ငံ၏ အမြင့်ဆုံးဖြစ်ခြင်းသည် တိုင်းနိုင်ငံ အကြီးအမြတ်ဆုံးသော တရားကိုပင် မှတ်ယူရန်ရှိလေသည်။ ထိုသဘောတရားကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ခွဲဝေ၍မရ၊ အကြီးအမြတ်ဖြစ်ခြင်းမှာ စည်းကမ်းသတ်မှတ်၍ မရချေ။ (Bodin) "ဘိုဒင်" ခေါ် ပညာရှိသည် ထိုအကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားလေသည်။

"တိုင်းနိုင်ငံတို့မည်သည် အိမ်ထောင်တို့ အစုအဝေးဖြစ်လေသည်။ ၎င်းအိမ်ထောင်တို့၏ ပိုင်ဆိုင်သော ပစ္စည်းများကို တိုင်းနိုင်ငံ၌ အကြီးဆုံးသောတန်ခိုးအာဏာဖြင့်လည်းကောင်း၊ အုပ်ချုပ်စီမံရလေသည်။ တိုင်းနိုင်ငံ၌ အချုပ်အခြာဖြစ်ခြင်းမှာမူ အခြားမဟုတ်၊ ပြည်သူတို့အပေါ်၌ အကြီးဆုံးသော တန်ခိုးအာဏာရှိခြင်းပင် ဖြစ်လေသည်။ ၎င်းတန်ခိုးအာဏာလည်း တရားဥပဒေ၏ချုပ်တည်းခြင်းကို ခံရလေသည်။ အချုပ်အခြာဖြစ်ခြင်း၏ လုပ်ငန်းသည်လည်း ဥပဒေများကို စီမံအုပ်ချုပ်ခြင်းဖြစ်လေသည်။

(သို့သော်လည်း ကျွန်ုပ်တို့ ထင်မြင်ချက်အရ တိုင်းပြည်၌ အချုပ်အခြာဖြစ်သောအရာသည် အကောင်းအဆိုးကို သိတတ်သော လူသတ္တဝါတို့၏ သဘောပင်ဖြစ်သည်ဟု မှတ်ယူရန်ရှိလေသည်။)

အဆိုပါအချက်ကို စဉ်းစားလိုက်သောအခါ တိုင်းနိုင်ငံ၏ အချုပ်အခြာဖြစ်ခြင်း၊ တရားဥပဒေ၏ ကြီးစိုးလွှမ်းမိုးခြင်း ရှိနိုင်ပါမည်လားဟု မေးဖို့ရန်ရှိလေသည်။ စစ်စစ်အားဖြင့်သော်ကား အချုပ်အခြာရှိခြင်းကြောင့် လွတ်လပ်ခြင်းမရှိနိုင်ဟု မှတ်ယူရန်မသင့်ချေ။ လွတ်လပ်ခြင်းဆိုသည်မှာ အမျိုးသား၏ လွတ်လပ်ခြင်းကိုပင် ဆိုလိုသည်၊ ထိုကဲ့သို့ လွတ်လပ်သော အမျိုးသားတို့သည် အခြားတိုင်းနိုင်ငံ အခြားလူမျိုးတို့၏ လက်အောက်၌နေရသော ပြည်သူတို့မှာ လွတ်လပ်သော ပြည်သားဟုခေါ်ဆိုရလေသည်။ မိမိတို့သဘောအတိုင်း ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်သော အစိုးရမင်းတို့၏ အောက်၌သော်လည်းကောင်း၊ နေရသောပြည်သူတို့မှာ မလွတ်လပ်သော ပြည်သူများ ဖြစ်ကြလေသည်။ အကြောင်းမူကား (Herbest Speucer) "ဟားဘတ်စပင်းသား" ပြောပြသည်အရ မည်သူမဆို မိမိပြုချင်သောအမှုကို မိမိသဘောအတိုင်းပြုနိုင်သော လွတ်လပ်ခြင်းရှိ၏။ သို့သော်လည်း ထိုကဲ့သို့ ပြုခြင်း၌ အခြားသူတစ်စုံတစ်ယောက်၏ လွတ်လပ်ခြင်းကို ထိပါးခြင်း

mgyoe.com

မဖြစ်စေရ။ ထိုလွတ်လပ်ခြင်းသဘောမျိုးအပေါ်၌ တိုင်းနိုင်ငံအစိုးရမင်းတို့၏ သြဇာမရှိချေ။ သို့သော်လည်း ၎င်းလွတ်လပ်ခြင်းမျိုး မပျက်မကွက် ရှိစိမ့်သောငှာ တိုင်းနိုင်ငံမင်းတို့၏ သြဇာအာဏာကို အားကိုးပြုကြရလေသည်။

၎င်းစကား၏ လိုရင်းအဓိပ္ပာယ်မှာ အဆိုပါလွတ်လပ်ခြင်းမျိုးကို တိုင်းပြည်၌ ဆုတ်ယုတ်ခြင်းဖြစ်စေရန် တိုင်းနိုင်ငံအစိုးရတို့က မပြုလုပ်ရ။ ထိုလွတ်လပ်ခြင်းမျိုး တည်တံ့မြဲမြဲစေရန်သာလျှင် တိုင်းနိုင်ငံအစိုးရမင်းတို့က ပြုလုပ်ရန် တာဝန်ရှိလေသည်ဟု ဆိုလိုသည်။

တိုင်းပြည်၌ နိုင်ငံအစိုးရမင်းတို့၏ သြဇာအာဏာမရှိဘဲ မည်သူမဆို မိမိထင်သလို လွတ်လပ်စွာ အရမ်းပြုချေက အချင်းချင်းတို့၏ လွတ်လပ်ခြင်းကို ဖျက်ဆီးကျူးလွန်တတ်ကြသဖြင့် မည်သူမှ လွတ်လပ်ခြင်းမရှိ ပျက်စီးကြဖို့ ရှိလေသည်။ ဥပမာဆိုသော် တိုင်းနိုင်ငံအစိုးရမင်းတို့ မရှိကြချေ။ လူသတ္တဝါတို့သည် မိမိတို့၏ကိုယ်ပိုင်ပစ္စည်းကို မိမိတို့သဘောအတိုင်း လွတ်လပ်စွာ သုံးစွဲခွင့်ရကြတော့မည်မဟုတ်၊ ထိုကဲ့သို့ သုံးစွဲခွင့်မရနိုင်အောင် လာရောက် ဖျက်ဆီး လုယက်သူတို့သည် ပေါ်ပေါက်၍လာကြဖို့ရှိလေသည်။ သို့ဖြစ်သောကြောင့် အချုပ်အခြာမရှိက တိုင်းနိုင်ငံမရှိ၊ တိုင်းနိုင်ငံမရှိက လွတ်လပ်ခြင်းမရှိနိုင်ဟူ၍ စကားရှိလေသည်။ သို့ဖြစ်သောကြောင့် အချုပ်အခြာမရှိက သောင်းကျန်းခြင်းများဖြစ်လျက် အဘယ်မှာလျှင် လွတ်လပ်ခြင်းရှိနိုင်ပါမည်နည်း။ ထိုအကြောင်းတို့ကို ထောက်လိုက်သော် တိုင်းပြည်၌ အချုပ်အခြာရှိခြင်းသည် လွတ်လပ်ခြင်းသဘောနှင့် ဆန့်ကျင်သည်ဟူ၍ မဆိုနိုင်ချေ။

■

mgyoe.com

mgyoe.com

## အခန်း (၄)

## ပြည်သူတိုင်းနိုင်ငံ အမျိုးသားအကြောင်း

ပြည်သူဆိုသည်မှာ အခြားမဟုတ်၊ အလုပ်အကိုင်အမျိုးမျိုးရှိလျက် အလေ့အကျင့် ဘာသာစကားတူညီကြသဖြင့် အတူတကွစုဝေးကာ နေထိုင်သော လူစုကိုပြည်သူဟူ၍ ခေါ်ရလေသည်။

၎င်းပြည်သူတို့မှာ နိုင်ငံရေးနှင့်ပတ်သက်သော အဖွဲ့အစည်းများရှိရလေသည်။ ၎င်းပြည်သူနှင့် အမျိုးသားခြားနားခြင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။ အမျိုးသားဆိုသည်မှာ ပြည်သူများကဲ့သို့ ဘာသာစကားအယူဝါဒ၊ အလေ့အကျင့်တူညီသဖြင့် စည်းလုံးခြင်း ရှိသည့်ပြင် နိုင်ငံရေးနှင့်ဆိုင်သော စည်းလုံးညီညွတ်ခြင်းလည်း ရှိရလေသည်။

တိုင်းနိုင်ငံဟူသောစကားနှင့် အမျိုးသားဟူသောစကားမှာလည်း ထို့အတူ ခြားနားခြင်းများ ရှိလေသည်။ အမျိုးသားဟူသော စကားသည် ပြည်သူဟူသော စကားနှင့်သာ၍ နီးစပ်လေသည်။ တိုင်းနိုင်ငံဟူသော စကားနှင့်နီးစပ်ခြင်း ထိုမျှလောက်မရှိချေ။ တိုင်းနိုင်ငံဆိုသည်မှာ လူမျိုးတစ်မျိုးတည်း မဟုတ်၊ အမျိုးမျိုးသောလူတို့ စုပေါင်းနေထိုင်ခြင်းဖြင့်လည်း ဖြစ်နိုင်လေသည်။ အမျိုးသားဟူသော စကားမှာမူ လူတစ်မျိုးတည်းသာ ပါဝင်မြဲဖြစ်လေသည်။ တိုင်းနိုင်ငံတို့မှာ တစ်ခုတည်းသော အစိုးရကို နာခံခြင်းဖြင့် စည်းလုံးခြင်းရှိရလေသည်။ အမျိုးသားမှာမူ အလေ့အကျင့် အစဉ်အလာ ဘာသာအယူဝါဒ၊ အသွေး၏ဆက်သွယ်ခြင်း၊ စည်းလုံးခြင်း ဖြစ်ရလေသည်။

mgyoe.com

သို့ဖြစ်သောကြောင့် အမျိုးသားကိုအမှီပြု၍ တည်ရှိသော တိုင်းနိုင်ငံသည် အမျိုးသားမရှိသော တိုင်းနိုင်ငံထက် ပိုမို၍ ချမ်းမြေ့သာယာလျက် အင်အားကြီးမားလေသည်။

အခြားသော ခြားနားခြင်းများမှာ အမျိုးသားတို့သည် နယ်ပယ်များစွာ အားမကိုးရ၊ တိုင်းနိုင်ငံမှာမူ နယ်ပယ်ရှိမှ ဖြစ်လေသည်။ သို့သော်လည်း အမျိုးသားတို့မှာလည်း နယ်ပယ်မရှိဘဲ ခေတ္တသာနေနိုင်ကြ၏။ ကြာမြင့်စွာ နေချေက ပျက်စီးခြင်းသို့ရောက်ကြရလေသည်။ ထို့အပြင် ခြားနားခြင်း တစ်ချက်မှာ အမျိုးသားရှိလျှင် တိုင်းနိုင်ငံရှိရလေသည်။

နိုင်ငံဟူသမျှတို့၌မူကား အမျိုးသားမရှိချေ။ အဆိုပါ အကြောင်းများ၌ အမျိုးသားဟူသော စကားသည် မြန်မာလူမျိုး၊ ကုလားလူမျိုးဟူသကဲ့သို့ မိမိတိုင်းပြည်၌ မိမိလူမျိုးကို ဆိုလိုသည်။

အချို့သော တိုင်းနိုင်ငံတို့မှာ အမျိုးသားဟူ၍ ဆိုလောက်သော အခြေအနေသို့မရောက်သော ပြည်သူပြည်သား အမျိုးမျိုးတို့ ပါဝင်ကြလေသည်။ ထိုကဲ့သို့သော တိုင်းနိုင်ငံတို့မှာ အမျိုးသားရှိသော တိုင်းနိုင်ငံဟူ၍ မဆိုနိုင်ချေ။

အမျိုး၊ အရိုး၊ စကား၊ ဘာသာ၊ အယူဝါဒ အစဉ်အလာ၊ ရာဇဝင် တူညီသောလူမျိုးကို အမျိုးသားဟူ၍ ခေါ်ရလေသည်။ ထိုကဲ့သို့သောလူမျိုးသည် စည်းလုံးလျက် တိုင်းနိုင်ငံအဖြစ်သို့ ရောက်ဖို့ရန် လွယ်ကူလေသည်။

တိုင်းသူပြည်သားတို့ ရရှိအပ်သော အခွင့်တရားတို့သည်ကား အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ဘာသာစကားနှင့် စာတစ်မျိုးတည်းရှိခြင်း၊ ၂။ အလေ့အကျင့်တစ်မျိုးရှိခြင်း၊ ၃။ တရားဥပဒေရှိခြင်း၊ ၄။ ကိုယ်ကျင့်တရားနှင့်ပတ်သက်သော အသက်မွေးနေထိုင်ခြင်း၊ စိတ်ဉာဏ်နှင့်ပတ်သက်သော အသက်မွေးနေထိုင်ခြင်း။

၁။ ရောမလူမျိုးတို့သည် မိမိတို့၏ လက်အောက်သို့ကျရောက်သော လူမျိုးများ၏ ဘာသာစကားများကို တိမ်မြုပ်ကွယ်ပျောက်အောင် ပြုလုပ်တတ်ကြလေသည်။ နိုင်ငံတိုင်း၌ တိုင်းသူပြည်သားတို့ ပြောဆိုသော ဘာသာစကားအစား၊ တိုင်းရေးပြည်မှုတို့နှင့် ပတ်သက်သော

mgyoe.com

ကိစ္စတို့၌ အခြားဘာသာစကားတစ်ခုခုကို ရွေးချယ် ရာကြဲ အသုံးပြု လိုသော်လည်း ထိုကဲ့သို့ပြုရုံမျှနှင့် တိုင်းရင်းအမျိုးသား ဘာသာ စကားကို ပျောက်ပျက်အောင်ပြုမည်ဟု မဆိုနိုင်ချေ။ အကယ်၍ စာမျိုး သင်သားအများ ကျောင်း၌ ဘာသာစကား မသင်ရဟု ပိတ်ပင်ချေက ထိုအမျိုးသား ဘာသာစကားကို ဖျက်လိုဖျက်ဆီးပြုရာသို့ ရောက်လေ သည်။

၂။ အလေ့အကျင့် ထုံးစံတို့မည်သည် အမျိုးသားအခွင့်တရားဖြစ်သည် ဟု ဆိုသော်လည်း မှားယွင်း၊ ဖောက်ပြန်ဆိုးဝါးသော အလေ့အကျင့် ရှိချေက ထိုအလေ့အကျင့်ပျောက်အောင် အစိုးရမင်းတို့က ပြုရလေ သည်။ ဥပမာ (အိန္ဒိယတိုင်း၌ လင်သေလျှင် မယားလိုက်၍ သေရ သော အလေ့အကျင့်မျိုးကဲ့သို့တည်း)။

၃။ အချို့သော လက်အောက်လူမျိုးတို့မှာ ကောင်းမြတ်သော တရား ဥပဒေကျမ်းဂန်များရှိကြလေသည်။ အချို့သော လက်အောက်လူမျိုး တို့မှာ ကောင်းသော တရားဥပဒေများ မရှိကြချေ။ တရားဥပဒေ ကောင်းစွာမရှိသော လူမျိုးတို့အား နှိမ်နင်းအောင်အုပ်ချုပ်သော အစိုးရ မင်းတို့ကား ပိုမိုကောင်းမွန်သော တရားဥပဒေများကို ပြုလုပ် စီမံ၍ ပေးရလေသည်။ ရောမလူမျိုးတို့သည် မိမိတို့၏ လက်အောက်ခံ နိုင်ငံ တို့အား အများအားဖြင့် မိမိတို့ဥပဒေများကို ပေးလေ့ရှိကြလေသည်။ ထိုကဲ့သို့ပြုခြင်းသည် ခေတ်အခါ သမယ၌ များစွာ သင့်လျော်သည် ဟု မှတ်ယူရန် သင့်လေသည်။ အဘယ့်ကြောင့်ဆိုသော် ရောမလူမျိုး တို့၏ ဥပဒေသည် မိမိတို့လက်အောက် တိုင်းနိုင်ငံသားများ၏ ဥပဒေ များထက် ပိုမိုကောင်းမြတ်မြဲ ဖြစ်လေသည်။ ဂျာမန်လူမျိုးတို့သည် ကား ရောမလူမျိုးတို့လက်အောက်သို့ ရောက်သော်လည်း ရောမ ဥပဒေကို မသုံးဘဲ ခုခံငြင်းဆန်ကြလျက် မိမိတို့အမျိုးသား ဥပဒေကို သာ အသုံးပြုခဲ့ကြလေသည်။ နောက်ဆုံး၌ ရောမလူမျိုးတို့က မိမိတို့ ဥပဒေများကို အသုံးပြုစေဖို့ရန် အတင်းအကျပ်ပြုကြသောအခါ

mgyoe.com

ဂျာမန်လူမျိုးတို့သည် ခုခံလျက် ရောမလူမျိုးတို့၏ လက်အောက်မှ ရုန်းထွက်၍ သွားခဲ့ကြလေသည်။ ၎င်းအကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ရေးသားဖော်ပြရန် မလိုချေ။

၄။ အချို့သော တိုင်းပြည်များ၌ လူအမျိုးမျိုးရှိကြသောကြောင့် တစ်မျိုးနှင့်တစ်မျိုး ဂုဏ်တုဂုဏ်ပြိုင်ပြုကာ နေကြသဖြင့် အမျိုးသားရှိသော တိုင်းပြည်မဟုတ်၊ လူအမျိုးမျိုး စု၍နေသော တိုင်းနိုင်ငံမျှသာ ဖြစ်၍ နေလေသည်။ သို့သော်လည်း ထိုကဲ့သို့သော တိုင်းနိုင်ငံမှာ ရန်သူများ ပေါ်ပေါက်လျက် ခက်ခဲသောအရေးများ ကြုံတွေ့ရသည့်အခါ ၎င်း ကွဲပြားသော လူမျိုးတို့သည် လူတစ်မျိုးတည်းအဖြစ်သို့ ရောက်ကြရသကဲ့သို့ စည်းလုံးညီညွတ်ခြင်း ဖြစ်ကြလျက် အမျိုးသားစိတ်သည် ပေါ်ပေါက်လာတတ်လေသည်။ ထို အမျိုးသားစိတ်သည် ရန်သူများ အနှောင့်အယှက် ပပျောက်ပြီးသော အခါ၌လည်း ဆက်လက် တည်တံ့မြဲမြံစွာ တည်ရှိနိုင်လေသည်။ တစ်ရံတစ်ခါ၌လည်း ထိုကဲ့သို့ မတည်ဘဲ ထပ်မံ၍လည်း တကွဲတပြား ဖြစ်ကာ ပပျောက်တတ်လေသည်။

တိုင်းနိုင်ငံနှင့် အမျိုးတို့ကို နိုင်ငံရေးအသင်းအဖွဲ့ဟူ၍လည်း ခေါ်ဆိုနိုင်လေသည်။ ထိုကဲ့သို့သော အသင်းအဖွဲ့များ၌ အုပ်ချုပ်သောသူများနှင့် အုပ်ချုပ်ခြင်း ခံနေရသူများဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။ ယခုခေတ်ကာလ ဥရောပနိုင်ငံတို့၌ ရှေးရှေးကကဲ့သို့ အခွင့်တရား အထူးရှိသော မင်းမျိုးစိုးမျိုး တို့ရှိကြသော်လည်း ၎င်းတို့၏အခွင့်တန်ခိုးများသည် အခြားပြည်သူများ၏ ထံသို့ ကူးပြောင်းရောက်ရှိကြသောကြောင့် ၎င်းမင်းအမျိုးမျိုးတို့မှာ ယခုအခါ ရှေးကကဲ့သို့ ထူးခြားသော အခွင့်အာဏာများ မရှိကြချေ။

ထိုမြင့်မြတ်သော အထူးအခွင့်အာဏာပိုင် လူစုတို့သည်ကား ရှေးအခါ ကာလများ၌ ဥရောပတိုင်းတွင် သုံးမျိုးရှိကြလေသည်။ ၎င်းသုံးမျိုး မှာ (က) သာသနာ့ဝန်ထမ်းရဟန်းများ၊ (ခ) ဆာဘွဲ့ခံ လာဘ်ဘွဲ့ခံမင်းစိုးမျိုးများ၊ (ဂ) ကျေးကျွန်မဟုတ်သော လူလွတ်ဖြစ်သူများ ၎င်းသုံးမျိုးဖြစ်ကြလေသည်။ အခွင့်တရားမရှိသော လူစုတို့မှာ ကျေးကျွန်များဖြစ်ကြလေသည်။ အိန္ဒိယ

mgyoe.com

mgyoe.com

တိုင်း၌ အမျိုးလေးပါးတို့တွင် ပထမသုံးပါးမှာ တိုင်းပြည်၌ အခွင့်တရားရှိကြသူများ ဖြစ်ကြလေသည်။ နောက်ဆုံးသော သုဒ္ဒရအမျိုးမှာ အခွင့်တရားမရှိသောလူမျိုးများ ဖြစ်ကြလေသည်။ ဥရောပတိုင်း၌လည်း အမျိုးလေးပါးရှိလေသည်။ ၎င်းအမျိုးလေးပါးမှာ အိန္ဒိယတိုင်း အမျိုးလေးပါးကဲ့သို့ ဇာတ်ကွဲသူများမဟုတ်၊ အဆင့်အတန်းမျှသာ ခြားနားသူများ ဖြစ်ကြလေသည်။ ၎င်းလေးပါးဟူသော်ကား ၁။ သာသနာတော်ဝန်ထမ်း ရဟန်း၊ ၂။ ဘွဲ့ထူးခံမင်းဆွေ စိုးမျိုး၊ ၃။ တိုင်းပြည်ရေးရာတွင် ပါဝင်နိုင်သောပြည်သူ၊ ၄။ ကျေးကျွန်ကဲ့သို့နေရသော တောသား ၎င်းလူမျိုးလေးမျိုး ဖြစ်ကြလေသည်။

၁။ သာသနာ့ဝန်ထမ်း ရဟန်းတို့သည် အလယ်ခေတ် အခါသမယ၌ စစ်မှုထမ်းခြင်းနှင့် အခွန်တော် ပေးဆောင်ခြင်းမှ လွတ်ကင်းကြသည့်ပြင် မည်သည့်တိုင်းပြည်၌နေသည်ဖြစ်စေ မိမိတို့ကိုယ်ကို ရှင်ဘုရင်၏ ဥပဒေအောက်မှာမနေ၊ ပုပ်ရဟန်း၏ဥပဒေအောက်မှာ နေရသည်ဟု သဘောထားကြသဖြင့် အမြဲအားဖြင့် တိုင်းနိုင်ငံ၏ ရန်သူများကဲ့သို့ ၎င်းတို့မှာ မှတ်ယူခြင်းကို ခံကြရလေသည်။

အီတလီပြည်၌ ထိုအခါသမယတွင် ပုပ်ရဟန်းမင်းကြီးမှာ မိမိနယ်ပယ်တွင် သာသနာပိုင်ကဲ့သို့လည်းကောင်း၊ ရှင်ဘုရင်ကဲ့သို့လည်းကောင်း၊ အချုပ်အခြာဖြစ်၍နေလေသည်။ ရှေးဂျာမန်တိုင်းပြည်၌ ရဟန်းဆရာတော်တို့သည် မင်းဆွေစိုးမျိုးကဲ့သို့ တန်ခိုးအာဏာရှိကြလေသည်။ ၎င်းအာဏာတို့သည် နောင်တဖြည်းဖြည်းဆုတ်ယုတ်၍ လာကြလေသည်။

၂။ မင်းဆွေ မင်းမျိုးတို့မှာ (Dukes) "ဂျူ (ကွ)"၊ (Counts) "ကောင့်စ"၊ (Viscounts) "ဗိုင်းကောင့်"၊ (Barons) "ဘားရင်း"ခေါ် အထက်တန်းမင်းဆွေစိုးမျိုး (Knights) "နိုက်" ခေါ် အောက်တန်းမင်းဆွေ မင်းမျိုးဟူ၍ ပြင်သစ်ပြည်၌ နှစ်မျိုးနှစ်စားရှိလေသည်။ ၎င်းတို့မှာ ရှေးဦးပထမ၌ အမှုထမ်းကောင်းသဖြင့် ရှင်ဘုရင်မြှောက်စားခဲ့သောကြောင့် အစဉ်အဆက် မင်းဆွေစိုးမျိုးဖြစ်၍ နေကြလေသည်။ သက္ကရာဇ် ၁၈၃၀ ပြည့်နှစ် ပြင်သစ်တိုင်းပြည်တွင် ထကြွသောင်းကျန်းခြင်း

mgyoe.com

ဖြစ်ပြီးသည့်နောက် သားစဉ်မြေးဆက် အထက်တန်းလာဘ်ဘွဲ့ခံ မင်းဆွေစိုးမျိုး လေးမျိုးကို မရှိစေရအောင် ပယ်ဖျက်ကြလေသည်။ ၁၈၄၈ ခုနှစ် သူပုန်ထခြင်း၌ အမျိုးအရိုး အစဉ်အဆက်မဟုတ် တစ်ကိုယ်တည်း မြှောက်စားခြင်းခံရသော လာဘ် ဘွဲ့ခံသူများမရှိရဟု ရုပ်သိမ်းပယ် ဖျက်စီမံကြလေသည်။ သို့သော်လည်း ဘွဲ့ဟောင်းများကိုကား ဆက်လက်၍ အသုံးပြုနိုင်ကြလေသည်။

အင်္ဂလန်ပြည်၌ကား ၎င်းမင်းဆွေစိုးမျိုးတို့သည် မြင့်ရှင်သော ရေးခေတ်သမယမှ တည်ရှိခဲ့ကြလေသည်။ (Norman) နော်မန်ဘုရင်တို့သည် နယ်စား၊ ပယ်စား၊ လာဘ်ဘွဲ့ခံမင်းစိုးများကို ခန့်ထားကြလေသည်။ ရှင်ဘုရင်စစ်မက်အရေးပေါ်ပေါက်သည့်အခါ ၎င်းလာဘ်များက မိမိနယ်ပယ်တွင် နေထိုင်သော လူများစုကို စုဆောင်းပြီးလျှင် ရှင်ဘုရင်၏ဘက်ကနေ၍ ကူညီတိုက်ခိုက်ကြရလေသည်။သို့အတွက် ၎င်းတို့မှာ အစဉ်အဆက်အားဖြင့် အလွန်တရာ တန်ခိုးကြီးလေသည်။ ပါလီမန် အထက်လွှတ်တော်တွင် ၎င်းတို့သည် လာဘ်အဖြစ်နှင့် ပါဝင်ကြရလေသည်။ ယခုအခါ၌မူကား များစွာသော ဆင်းရဲသားတို့သည် ဂုဏ်ထူးဝိသေသရှိကြသည့်အခါ လာဘ်ဘွဲ့ခံ အမတ်များအဖြစ်သို့ ရောက်တတ်ကြလေသည်။ ဆာဘွဲ့ခံအမတ်များအဖြစ်သို့ ရောက်တတ်ကြလေသည်။ ဆာဘွဲ့ခံမင်းဆွေစိုးမျိုးတို့မှာ အစစ်အမှန် မင်းဆွေစိုးမျိုး မဟုတ်ကြသော်လည်း ပါလီမန်လွှတ်တော်၌ ပြည်သူများရွေးကောက်သော ကိုယ်စားလှယ် အမတ်ကြီးများအဖြစ်နှင့် တိုင်းပြည်အတွက် အမှုထမ်းဖို့ရန် များစွာ သင့်လျော်သော လူစုများဖြစ်ကြလေသည်။

ဂျာမန်ပြည်၌ အထက်တန်း မင်းဆွေစိုးမျိုးတို့ကို မင်းသားဟူ၍ ခေါ်ကြလေသည်။ စင်စစ်အားဖြင့်သော်ကား မင်းဆွေနှင့် အခါခပ်သိမ်း မသက်ဆိုင်ကြချေ။ ၎င်းတို့မှာ ကျယ်သော နယ်ပယ်များကို အုပ်ချုပ်ကြလျက် (Reichstag) "ရစ်စတပ်" တွင် ပါဝင်ကြရလေသည်။ ထို့ထက်အောက်တန်းကျသူ မင်းဆွေစိုးမျိုးတို့မှာ အင်္ဂလန်ပြည် ဆာဘွဲ့ခံတို့နှင့် တူညီသော အမှုထမ်းများဖြစ်ကြလေသည်။

mgyoe.com

mgyoe.com

ငင်းတို့သည် အထက်တန်းမင်းဆွေမျိုးတို့၏ သူရဲကောင်းများ ဖြစ်ကြရလေသည်။ ၎င်းတို့မှာ နယ်ပယ်အုပ်ချုပ်ရန် မရှိကြချေ။ ၎င်းတို့က ဆင်းသက်သူတို့သည် ယခုအခါ အထက်တန်း ပြည်သူများဖြစ်ကြလေသည်။

၃။ ပြည်သူဟူသောစကားမှာ အဓိပ္ပာယ်နှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ တိုင်းနိုင်ငံ၏ အခွင့်တန်ခိုးတို့ကို ရရှိသောသူများ ဖြစ်လေသည်။ ဒုတိယ အဓိပ္ပာယ်မှာ တိုင်းပြည်၌ရှိသော တတိယ အဆင့်အတန်း ဖြစ်သည့် ပြည်သူဖြစ်ခြင်းသက်သက်ကို ဆိုနိုင်လေသည်။

၄။ ရှေးအခါကာလ၌ တိုင်းနိုင်ငံ အခွင့်တန်ခိုးတို့ကို မရမရှိသော ကျေးတောသားများ ရှိကြလေသည်။ ၎င်းတို့သည် ကျေးကျွန်ကဲ့သို့ အခိုင်းအစေခံရလေသည်။ ထိုသူတို့သည် တစ်ရံတစ်ခါထွက်၍ ပြေးကြပြီးလျှင် မြို့ကြီးပြကြီးများ၌ ခိုလှုံကြလျက် ပြည်သူအဖြစ်ကို ရောက်ကြလေသည်။ အင်္ဂလန်ပြည် (Black Death) "ဘလက်ဒက်" ခေါ် ကပ်ရောဂါကြီး ဆိုက်ရောက်ပြီးသောအခါ တိုင်းပြည်၌ လူဦးရေနည်းပါးခြင်းကြောင့် ၎င်းတို့အား အခွင့်တရားများကို ပေးပြီးလျှင် ပြည်သူ၏အဖြစ်ကို ရောက်အောင်ပြုကြရလေသည်။

ယခုခေတ်အခါ၌ တိုင်းပြည်တွင် လူ့အဆင့်အတန်း (၄) မျိုးထားရလေသည်။ ၎င်း (၄)မျိုးတို့သည်ကား အုပ်ချုပ်သော လူတန်းစား မျိုးရိုးအစဉ်အလာအားဖြင့် လာဒ်ဘွဲ့ရ၊ ဆာဘွဲ့ခံမင်းဆွေစိုးမျိုးများ၊ ကုန်သည် သူဌေး၊ စာရေးစာချီစသည့် ဂုဏ်သရေရှိ ဆင်းရဲသားများ၊ စတုတ္ထအောက်တန်းအလုပ်သမားဖြစ်ကြလေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၅)

## အခွင့်တရားများနှင့် တာဝန်များအကြောင်း

အများ၏အကျိုးကျေးဇူးအလို့ငှာ လူတို့အား အချို့သောအရာများကို အသုံးပြုရန် ပိုင်ဆိုင်ခွင့်ပေး၍ ထားရလေသည်။ ထိုကဲ့သို့ပေး၍ထားရသော အရာတို့ကို အခွင့်တရားဟု ခေါ်လေသည်။ အခွင့်တရားရှိက ထိုကဲ့သို့ရရှိအပ်သော အခွင့်တရားတို့အတွက် တာဝန်ဝတ္တရားများလည်း ရှိအပ်ပေသည်။ အခွင့်တရားကိုသာ အလိုရှိကြလျက် တာဝန်ဝတ္တရားကို မခံယူလိုက အကျိုးရှိသောပြည်သူ မဖြစ်နိုင်ချေ။ အခွင့်တရားရှိသောသူ၌ ထိုအခွင့်တရားကို တခြား လူတို့က ရိုသေလေးမြတ်ကြရ၏။ လူတို့သည် အခွင့်တရားရှိသူထံသို့ တစ်နည်းနည်းအားဖြင့် လာရောက်အသုံးခံဖို့ရန် တာဝန်ရှိလေသည်။ ၎င်း အခွင့်တရားရှိသူသည် အခြားလူတို့၏ အခွင့်တရားများကိုလည်း အလေးဂရုပြုရလေသည်။ သို့ဖြစ်သောကြောင့် တိုင်းပြည်၌ အခွင့်တရားရှိသူက ထိုအခွင့်တရားအတိုင်း လိုက်နာဆောင်ရွက်ဖို့ရန် လူအများလည်း ရှိကြရလေသည်။

တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းတို့ထံမှ ပြည်သူတို့သည် လွတ်လပ်ခြင်းအခွင့်ကိုလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ခြင်းကိုလည်းကောင်း၊ တရားသဖြင့် စီရင်ဆုံးဖြတ်ပေးခြင်းကိုလည်းကောင်း ရရှိခံစားဖို့ရန် အခွင့်တရား ရှိလေသည်။ ထိုကဲ့သို့ အခွင့်တရားရှိသည်နှင့်အညီ မိမိတို့ကလည်း အစိုးရမင်းတို့၏ တရားလမ်းကျသော အမိန့်အာဏာတို့ကို နာခံကြဖို့

mgyoe.com